ဂါရဝေါ စ ဓတံ မင်္ဂလ မုတ္တမံ၊ ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်း စောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာရှနှင့်ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူးအားလက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အာရှနှင့်ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူး Mr. Jean Maric Sakhouri အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ***စာမျက်နှာ ၃ ကော်လံ ၁*** *

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)ဖွင့်လှစ် မြို့ကြီးများ၌သာ အဆင့်မြင့်ပညာသင်ကြားရသည့်စနစ်ပောင်းချုပ်ငြိမ်းသွားပြီ ပညာသင်ကြားမှု အခွင့်အလမ်းများ ဒေသအလိုက် ပိုမိုကျယ်ပြန့်ပွားများလာ အသွင်သဏ္ဌာန်ရေး၊ အနှစ်သာရပါ အောင်မြင်မှုရရှိရေး အပတ်တကုတ်ကြိုးစား

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▼

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ ခုနှစ် (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)ဖွင့်ပွဲ အခမ်းအနားတွင် ဒေသခံတိုင်းရင်းသားများနှင့်အတူ ပင်မဆောင်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်စဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ်မွေးထုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းမှု ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာအလယ်၌ ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာဖြင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရေးနှင့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှု အဖုံဖုံတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်စေရေးတို့ကို အနာဂတ်ကာလတိုင် ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို တစ်မျိုးသားလုံး၏ စုပေါင်းစွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော် ချစ်ကြည်စည်းလုံးစွာ လက်တွဲ ပေါင်းယှက်နေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုကြီးဖြစ်သည်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မြင့်မားခိုင်ကျည်စေရေး၊ ပြည်ထောင်စုကြီး၏ နယ်မြေ အစိတ်အပိုင်း ဒေသများအားလုံး တည်ငြိမ်အေးချမ်းသာယာပြီး တိုင်းရင်းသားလူမျိုးများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေးတို့သည် အခြေခံအကျဆုံးသော အမျိုးသားရေးလိုအပ်ချက်များပင်ဖြစ်သည်။

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုဖွင့်လှစ်ခဲ့သည့် မန္တလေးတိုင်း မြင်းခြံမြို့၌ ပညာရေးဝန်ကြီးဌာနက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပြီးစီးသွားသော မြင်းခြံ ဒီဂရီကောလိပ်ပင်မဆောင်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၁ရက်နေ့နံနက်ပိုင်းက အဆိုပါ ဒီဂရီကောလိပ်၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

> **“ဤကဲ့သို့ မွန်မြတ်လှသည့် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီးကို ဂုဏ်ပြုကြိုဆိုပြီး တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် သစ်လွင်ခံ့ညားထည်ဝါသော ပင်မအဆောက်အအုံသစ်ကြီးနှင့်တကွ အဆင့်အတန်းမြင့်မားသည့် စာသင်ဆောင်များ၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှုသင်ယူမှု စာသင်ခန်းများတွင် စိတ်အေးချမ်းမြေ့စွာ အဆင့်မြင့်ပညာရပ်များ ဆည်းပူးလေ့လာသင်ကြားခွင့်ရရှိကြသည့် ကျောင်းသူကျောင်းသား လူငယ်များအနေဖြင့် ပြည်ထောင်စုကြီး၏ အနှစ်သာရနှင့် ဂုဏ်ဒြပ်ဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၏ စွမ်းပကားနှင့်တန်ဖိုးကို ပိုမိုသိမြင် ခံစားတတ်လာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကြိုးပမ်းဆောင်ရွက်မှုများတွင် ပိုမိုတက်ကြွထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာကြမည်မှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း”**

ပြောကြားသွားသည်။

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီး၏အကြိုကာလများ၌ ရန်ကုန်တိုင်းတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ကရင်ပြည်နယ်တွင် ဘားအံတက္ကသိုလ်၊ ကချင်ပြည်နယ်တွင် မိုးညှင်းဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)တို့နှင့်အတူ မန္တလေးတိုင်းတွင် မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)တို့တွင် သစ်လွင်ခံ့ညားထည်ဝါသည့် အဆောက်အအုံသစ်ကြီးများ၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှုသင်ယူမှု အထောက်အကူပြု ခေတ်မီပစ္စည်းကိရိယာများ ပြည့်ပြည့်စုံစုံနှင့် နိုင်ငံတကာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ ဂုဏ်အင်္ဂါရပ်များ လျော်ညီထိုက်တန်သည့် အဆောက်အအုံများကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ဤကဲ့သို့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ အစီအရီ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းသည် မိမိနိုင်ငံသူနိုင်ငံသား တိုင်းရင်းသားလူမျိုးများအားလုံးအပေါ်တွင် သာစေနာစေမရှိ ရင်၌ဖြစ်သောသားသမီးများသဖွယ် မျှတစွာ အလေးထားပြုစုပျိုးထောင်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ ဖြူစင်မွန်မြတ်သည့် စေတနာစိတ်ထားကို ဖော်ညွှန်းပြသနေခြင်းဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံတည်ထောင်နိုင်ရေးတွင် မိမိနိုင်ငံအတွင်း စက်မှုနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဝိဇ္ဇာနှင့်သိပ္ပံဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်မှသာလျှင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသား လူငယ်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်ရေးအတွက် စွမ်းစွမ်းတမံကြိုးပမ်းစွမ်းဆောင်မြှင့်တင်ပေးနိုင်မည့် ထူးချွန်ထက်မြက်သော တိုင်းကျိုးပြည်ဆောင် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရေး၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်စေရေး ကြိုးပမ်းအားထုတ်ရင်း နိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ပိုမိုတက်ကြွထက်သန်စွာ ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

တောင်ဥက္ကလာပမြို့နယ်တွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်ရုံးခန်းမတွင် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေ ဖတ်ကြားစဉ်။ (၁၉၂)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဗိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်၁၃ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအားသတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်။

ထို့အပြင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက် ရတနာခန်းမမြေညီထပ်၌ ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်သည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန် ကောင်တာရယူလိုသူများသည် ဖေဖော်ဝါရီ ၁၇ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၌ ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရှေးဦးသူနာပြု သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာ့မီးရထားဆေးကုဌာနနှင့် အထူးအမြန်ရထားများ ပြေးဆွဲရေးလုပ်ငန်းကြီးကြပ်မှုကော်မတီတို့ပူးပေါင်းဖွင့်လှစ်သည့် တွဲထိန်းများ ရှေးဦးသူနာပြုသင်တန်းအမှတ်စဉ်(၁)နှင့်(၂) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉နာရီက ရန်ကုန်ဘူတာကြီး မြန်မာစီနီအဆောက်အအုံ ဒုတိယထပ်၌ ကျင်းပရာ မြန်မာ့မီးရထားအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ/စီမံ)ဦးလှရီနှင့် အထွေထွေမန်နေဂျာများ၊ရထားရဲတပ်ဖွဲ့မှူးရဲမှူးကြီးလှိုင်ဝင်း၊ တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စား အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ/စီမံ)က သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ (က–ပ)

ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသောမြောက်ဥက္ကလာပမြို့နယ်(ည)ရပ်ကွက် အမက(၁၆)၏ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဦးကျော်မြင့်(သိပ္ပံကျော်)နှင့် ဇနီးဒေါ်ကြူကြူဝင်း (သူနာပြုတက္ကသိုလ်)တို့က ကျောင်းဖွံ့ဖြိုးရေးအတွက် အလှူငွေ ကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အာရှနှင့် ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူး **Mr. Jean Maric Sakhouri** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့အစီအစဉ်

"ခိုင်မြဲသော တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ တိုင်းရင်းသားအားလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အားသွန်ခွန်စိုက် ချီတက်ကြပါစို့"

(မြန်မာ့သမိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာသည့် အချိန်များ၌ နိုင်ငံတော်အင်အား အတောင့်တင်းဆုံးဖြစ်ခဲ့သည်ကို ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့က သက်သေပြလျက်ရှိသည်။)

✳ ရှေ့ဖုံးမှ

ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အာရှနှင့်ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူးနှင့်အတူ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးဌာနေကိုယ်စားလှယ် Mr. Rajiv Kapur လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

✡ နိုင်ငံတော်မှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာ၌ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသည် နိုင်ငံတော်က ခန့်အပ်တာဝန်ပေးထားသော ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များဖြစ်ကြောင်း။

အချိန်တိုအတွင်းအောင်မြင်

တပ်မတော်အစိုးရ အနေဖြင့် တိုင်းပြည်၏ တာဝန်များကို ရယူပြီးနောက်ခေတ်ပြောင်း စနစ်ပြောင်းလုပ်ငန်းတာဝန်များအပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ရာ၌ နယ်မြေဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့များ၏ တက်တက်ကြွကြွတာဝန်သိသိ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှုတို့ကြောင့် အချိန်တိုကာလအတွင်း အောင်မြင်မှု အသီးအပွင့်များထင်ထင်ရှားရှားရရှိလာခြင်းဖြစ်ကြောင်း။

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအခြေခိုင်မာလာပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု အင်အားကိုလည်းတည်ဆောက်လာနိုင်ကြောင်း၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လုပ်ငန်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများရရှိသကဲ့သို့ နယ်မြေဒေသအလိုက်လည်း သိသာစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း။

ညီညီညွတ်ညွတ်အားထည့်လုပ်ကိုင်

ခေတ်ပြောင်းစနစ်ပြောင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဆောင်ရွက်ရသည့် လုပ်ငန်းကိစ္စများ များပြားသည့်အပြင် လုပ်ငန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ရခြင်းဖြစ်၍ အဆင့်အလိုက် တွန်းတွန်းတိုက်တိုက် ညီညီညွတ်ညွတ် အားထည့်လုပ်ကိုင် ဆောင်ရွက်နိုင်၍သာ ယခုကဲ့သို့ အောင်မြင်မှုရရှိနေခြင်းဖြစ်ကြောင်း။

တစ်ဖက်မှ တိုးတက်အောင်မြင်မှုများ ရရှိနေသကဲ့သို့ တစ်ဖက်မှလည်း လုပ်ငန်းတာဝန်များအရ လုပ်ကိုင်ဆောင်ရွက်ရာ၌ ဖြစ်ပေါ်လာတတ်သော ချို့ယွင်းအားနည်းမှုများကိုလည်း အချိန်မီ ပြုပြင်သွားကြရမှာဖြစ်ကြောင်း။

ရောင်ပြန်ဟပ်နိုင်

ရပ်ကွက်၊ကျေးရွာအဆင့်၊ မြို့နယ်အဆင့်တို့သည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသော အုပ်ချုပ်ရေးအဖွဲ့များဖြစ်၍ ပြောမှား၊ ဆိုမှား၊ လုပ်ကိုင်ပုံမှားသွားပါက နိုင်ငံတော်အဆင့်အထိ ရောင်ပြန်ဟပ်နိုင်ကြောင်း။

အထူးသဖြင့် အခြေခံ အကျဆုံးဖြစ်သည့် ရပ်ကွက်၊ ကျေးရွာအဆင့်သည် ပြည်သူများနှင့်အတူ အနီးစပ်ဆုံး ဆက်ဆံနေရရာ ပြည်သူအပေါ် ဖိစီးမှု၊ မလေးမစားပြုမှုများ မပြုလုပ်မိစေရန် အထူးသတိထားရမှာ ဖြစ်ကြောင်း။

မိမိတို့သည် ပြည်သူထဲမှ ပြည်သူများပင်ဖြစ်ရာ ပြည်သူနှင့် နီးပါလျက်ဝေးနေသည့် အဖြစ်မျိုး၊ ပြည်သူက မိမိတို့အပေါ် အမြင်မကြည်လင်သည့် အဖြစ်မျိုး မပြုမိစေရန် သတိထားရန်လိုကြောင်း။

တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက်၊ တစ်မြို့နယ်နှင့် တစ်မြို့နယ်၊ တစ်ခရိုင်နှင့် တစ်ခရိုင် ကောင်းမွန်သည့် အတွေ့အကြုံများကို ရယူတတ်ရမှာဖြစ်ကြောင်း၊ အချောင်ခိုလိုစိတ်၊ မေ့မေ့လျော့လျော့ သက်သာသလို နေလိုစိတ်၊ အခွင့်အရေးမျှော်ကိုးသည့် စိတ်တို့ကိုထိန်းချုပ်ဖယ်ရှားရန် လိုကြောင်း။

ဂုဏ်သိက္ခာထိန်းသိမ်း

သို့မှသာ ရပ်ကျိုး၊ ရွာကျိုးကို စေတနာဖြင့် ထမ်းဆောင်နေသော မိမိတို့ စေတနာ့ဝန်ထမ်းဘဝ၏ မွန်မြတ်သောဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်မှာ ဖြစ်ကြောင်းဖြင့် ရှင်းနီးစွာ ရှင်းလင်းမှာကြားသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် ရွှေအိုက်ကျေးရွာအနီး နန်းကွေ့ချောင်းကူး သစ်သားတံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ အစိုးရ ကွန်ပျူတာကောလိပ်သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဗိုလ်မှူးချုပ်သိန်းဇော်တို့နှင့် အတူ မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ကျေးလက်မီးရရှိရေး

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူကကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် မိုးကောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး မဏ္ဍူသကခန်းမ၌ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ကျောင်းအုပ်ကြီး ဦးစောလှမောင်က ကျောင်း၏သမိုင်းအကျဉ်း၊ ကျောင်းအဆောက်အအုံဆိုင်ရာများ၊ သင်ထောက်ကူပစ္စည်းများဖြည့်ဆည်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များ မှာကြားပြီး ကျောင်းအတွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မိုးကောင်းမြို့နယ် ပင့်သာကျေးရွာ ကိုယ့်အားကိုယ်ကိုး နမ္မနကျေးရွာ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရောက်ရှိကြပြီး တာဝန်ခံကျောင်းအုပ် ဒေါ်ခင်သန်းမြနှင့် ဆရာ ဆရာမများအား တွေ့ဆုံမှာကြား အားပေးပြီး အတွင်းရေးမှူး(၁)က တာဝန်ခံကျောင်းအုပ်အား ကွန်ပျူတာ နည်းပညာသင်ကြားရေးဆိုင်ရာ စီဒီချွမ်များကို ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးပြီး ကွန်ပျူတာခန်းကိုလည်းကောင်း၊ ကျေးရွာအသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် အသုံးပြုမည့် စက်ပစ္စည်းကိရိယာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးဝင်းအတွင်း ပြုစုထားသည့် ပျိုးဥယျာဉ်ကို ကြည့်ရှုကြသည်။

မတည်ပံ့ပိုးငွေများကိုမြို့နယ်ပညာရေးမှူး ဒေါ်မွန်မွန်လေးအား ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့သွားရောက်ပြီး မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား မှာကြားနှုတ်ဆက်သည်။

စာမျက်နှာ ၉ ကော်လံ ၅

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဆန်စက်အပိုပစ္စည်းထုတ်လုပ်ရေးစက်ရုံနှင့်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိစက်ရုံများလှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ ဆန်စက်အပိုပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိလာရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည်ဆန်စက်အပိုပစ္စည်းထုတ်လုပ်ရေးစက်ရုံ၏ ရော်ဘာကြိတ်လုံးစက်ရုံနှင့်ဆန်ဖြူကျောက်ဆံစက်ရုံတို့မှထုတ်လုပ်သည့်ရော်ဘာကြိတ်လုံးနှင့်ဆန်ဖြူကျောက်ဆံ နမူနာများ၊ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းက ဆန်စက်အပိုပစ္စည်းထုတ်လုပ်ရေးစက်ရုံ၏ တည်နေရာ၊ ဆန်စက်သုံးရော်ဘာကြိတ်လုံးနှင့် ဆန်ဖြူကျောက်ဆံတို့ ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်ရုံမှူး ဦးထင်အောင်က ရော်ဘာကြိတ်လုံးနှင့် ဆန်ဖြူကျောက်ဆံ ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့်နှင့် ထုတ်လုပ်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စံအိမ်နီအင်တာနေရှင်နယ် ထရေဒင်းကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းက Sun အမှတ်တံဆိပ်ဖြင့် ဆန်စက်သုံးရော်ဘာကြိတ်လုံးများကို စံချိန်စံညွှန်းမီစွာဖြင့် ထုတ်လုပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်က မြန်မာနိုင်ငံရှိ ဆန်စက်များနှင့် ဆန်စက်သုံးရော်ဘာကြိတ်လုံးလိုအပ်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ရော်ဘာကြိတ်လုံးစက်ရုံ(Rubber Roll Factory)သို့ သွားရောက်ပြီး ရော်ဘာကြိတ်လုံးထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့်နှင့် ထုတ်လုပ်ပြီးရော်ဘာကြိတ်လုံးများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ အားပေးမှာကြားသည်။

စံအိမ်နီအင်တာနေရှင်နယ်ထရေးဒင်း ကုမ္ပဏီလီမိတက်က ပြည်ပသွင်းကုန်အစားထိုးအဖြစ် အရည်အသွေးမီ ကြိတ်ခွဲအားကောင်းသည့် ၁၀လက်မနှင့် ခြောက်လက်မရော်ဘာကြိတ်လုံးများကို ထုတ်လုပ်လျက်ရှိသည်။

စပါးတင်း ၁၈၀၀ကြိတ်ခွဲနိုင်

၁၀လက်မ ရော်ဘာကြိတ်လုံးတစ်လုံးဖြင့် စပါးတင်း ၃၅၀၀ကြိတ်ခွဲနိုင်ပြီး ခြောက်လက်မ ရော်ဘာကြိတ်လုံးတစ်လုံးဖြင့် စပါးတင်း ၁၈၀၀ကြိတ်ခွဲနိုင်ကြောင်းသိရှိရသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆန်ဖြူကျောက်ဆံစက်ရုံ(Abrasive Roll Factory)ကို ဝင်ရောက်ပြီး ဆန်ဖြူကျောက်ဆံထုတ်လုပ်သည့် လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြသည်။

၁၀တန်ကျ ဆန်စက်စစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပြည်ပနိုင်ငံထုတ် တစ်နေ့ ခြောက်တန်ကျဆန်စက်ငယ်နှင့် ဆန်စက်ငယ်၏ စက်ပစ္စည်းအစိတ်အပိုင်းများကို လည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ထုတ်လုပ်ထားသည့် ၁၀တန်ကျဆန်စက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍စပါးခွံဓာတ်ငွေ့သုံးဓာတ်အားပေးစက်ကို ကြည့်ရှုစစ်ဆေးပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များ အားပေးမှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁) မန္တလေးလမ်းရှိ ဦးအောင်မင်း စက်မှုလက်မှုလုပ်ငန်းသို့ ရောက်ရှိကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)ရှိ စက်မှုလုပ်ငန်းရှင်များ၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား လုပ်ငန်းပိုင်ရှင် ဦးအောင်မင်းက မြေတူးစက်ပြုပြင်နေမှု အခြေအနေများကို ရှေးဦးစွာရှင်းလင်းပြသသည်။

ဆက်လက်၍ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများတွင် အသုံးပြုသည့် ကြေးဘယ်ရင်ဘွတ်များ၊ လေးလက်မ၊ ခြောက်လက်မနှင့် ရှစ်လက်မရေပန့်များ၊ လေးလက်မ၊ ခြောက်လက်မ သဲစုပ်ပန့်များ၊ တွင်းတူးပန့်များ၊ (၁၂)လက်မ မိုဘိုင်းပန့်များကို လည်းကောင်း လုပ်ငန်းသုံး စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို လည်းကောင်း၊ လှည့်လည် ရှင်းလင်း ပြသရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များအားပေး မှာကြားသည်။

စက်မှုပစ္စည်းထုတ်လုပ်

ဦးအောင်မင်း စက်မှုလက်မှုလုပ်ငန်းက လယ်ယာ လုပ်ငန်းသုံး၊ လျှပ်စစ် မြစ်ရေတင် လုပ်ငန်းသုံးနှင့် ပုစွန် မွေးကန်သုံး ပန့်အမျိုးမျိုးနှင့် စက်မှုပစ္စည်း အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေးလမ်းရှိ ရူဝံ လျှပ်စစ် ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းကိုလည်း ဝင်ရောက် ကြည့်ရှု စစ်ဆေးအားပေးရာ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ကြည်စိန်က ရူဝံ အမှတ်တံဆိပ်ဖြင့် လျှပ်စစ်ပစ္စည်း အမျိုးမျိုးထုတ်လုပ်နေမှုကို ရှင်းလင်းပြသသည်။

အော်တိုချုပ်ထုတ်လုပ်

ရူဝံ လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းက ဗို့အားမြှင့်စက်၊ အင်ဗာတာ၊ ဘက်ထရီ အားသွင်းစက်၊ လျှပ်စစ်မီးဖိုနှင့် အော်တိုချုပ်များကို ထုတ်လုပ်လျက်ရှိသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်(၂) ချောင်းသာလမ်းရှိ Mectronic General Electrical Products သို့ ရောက်ရှိကြရာ ဧည့်ခန်းဆောင်၌ မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းနိုင်က Mectronic အမှတ်တံဆိပ်ဖြင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ရှင်းလင်းပြသ

ထို့နောက် Antenna၊ Safeguard၊ Transformer၊ Inverter၊ Battery Charger များထုတ်လုပ်နေမှုနှင့် ၂၀၀၄ခုနှစ်တွင် စတင်ထုတ်လုပ်သည့် Solid State AC Automatic Voltage Regulator & Protector ထုတ်လုပ်မှုတို့ကို တာဝန်ရှိသူများက လှည့်လည်ရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကုန်ကြမ်းပစ္စည်းရရှိရေးနှင့်အခြားလိုအပ်ချက်များညှိနှိုင်းမှာကြားပြီး ညနေပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

❒ အတွင်းရေးမှူး(၂)မှ

RBT လူစီး တွဲသစ်များဖြင့် ရန်ကုန်မြို့၌ တိုးချဲ့ပြေးဆွဲလျက်ရှိသည့် မြို့ပတ်ရထားဖြင့် ရန်ကုန်ဘူတာကြီးမှတစ်ဆင့် ဘုရားလမ်းဘူတာ၊ လမ်းမတော်ဘူတာ အပါအဝင် ဘူတာစဉ်အတိုင်း စုစုပေါင်း ၃၈ ဘူတာအားလက်ယာရစ် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်ဘူတာကြီးသို့ ည ၇ နာရီတွင် ပြန်လည် ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားလမ်းများ ကြံ့ခိုင်ရေး ဆောင်ရွက်နေမှု၊ မြို့ပတ်ရထားများအား မြစ်ငယ်စက်ရုံမှ ထုတ်လုပ်သည့် RBT လူစီးတွဲသစ်များဖြင့် တိုးချဲ့ပြေးဆွဲမည့် အခြေအနေများ၊ မြို့ပတ်ရထားလမ်းတစ်လျှောက်ရှိ ဘူတာများ အမြင်တင့်တယ်စေရေးနှင့် ရထားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်စေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ရန်ကုန်မြို့ မြို့ပတ်ရထားလမ်း ဘေးဝဲယာနှင့် ဆက်စပ်ဧရိယာအတွင်း သန့်ရှင်းသပ်ရပ်စေရေး လုပ်ငန်းများကို ဒေသအာဏာပိုင် အဖွဲ့အစည်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ကြပ်မတ်ဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ရန်ကုန်မြို့ မြို့ပတ်ရထားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့် အမြင်တင့်တယ်စေရေးလုပ်ငန်းများ၊ ရထားလမ်းများ ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်နည်းတူ နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွား ပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် တွဲဆိုင်းအသစ်များ တိုးမြှင့်ထုတ်လုပ် ပြေးဆွဲရေး၊ မြို့ပတ်ရထားများ အချိန်မှန် ပြေးဆွဲရေး၊ ရထားလမ်းနှင့် ကားလမ်းကူး Level Crossing နေရာများတွင် ရထားနှင့်ကား မတော်တဆ ထိခိုက်မှု မရှိရေး၊ တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ရေး၊ ညအချိန်များတွင် ခရီးသည်များ လုံခြုံစိတ်ချစွာ စီးနင်းနိုင်ရေးအတွက် ရထားတွဲများတွင် လျှပ်စစ်မီးထွန်းလင်းရေးနှင့် လုံခြုံရေးရထားရဲတပ်ဖွဲ့ဝင်များက ခရီးသည်များအား စောင့်ရှောက်ကူညီရေးတို့ကို ဂရုပြု ဆောင်ရွက်ရန်နှင့် မြို့ပတ်ရထားဖြင့် သွားလာခြင်းသည် စိတ်ချမ်းမြေ့စွာဖြင့် သတ်မှတ်ချိန်ရောက်ရှိသည်ဟု ပြည်သူများ ခံယူလာစေရန် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပူဇာနှင့်သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မကွေးမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ပူဇာ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်)နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၄ ခုနှစ် ဇန်နဝါရီ၄ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၄)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော မကွေးမြို့မှ သံဃာတော်သုံးပါး၊ သီလရှင်နှစ်ပါးတို့အား ဂုဏ်ပြုပူဇော်ခြင်းနှင့် အသင်းဝင်များအနက်မှ အသက်(၇၅)နှစ်နှင့် အထက်ရှိ သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ခြင်း၊ ၂၀၀၃ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်သည်။ အသင်းဝင်မိသားစုများသည် ဦးတင်ထွန်း ဖုန်း-၅၁၃၂၆၂၊ ဦးအေးကို ဖုန်း-၆၈၁၁၁၃၊ ဦးမြင့်သိန်း ဖုန်း-၅၇၉၅၆၆၊ ဦးကြည်မောင် ဖုန်း-၅၇၈၃၂၁၅၊ ဦးသိန်းမော်ဦး ဖုန်း-၂၂၁၀၇၀ တို့သို့ မတ် ၃ ရက် နောက်ဆုံးထား၍ စာရင်းပေးကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္ဘာ့ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက်ပဓာနနာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယ ကောဝိဒသာသနာ့ဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းနိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ အနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက်အရောက်လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၅၇၁၂၅၈ သို့ဖြစ်စေဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမေရိကန်တို့ပစ်ခတ်မှု အီရတ်နေအိမ်များပျက်စီး

အီရတ်ပြည်သူများ အမေရိကန်တို့ကို ဒေါသထွက်

တောင်ကိုရီးယားတပ် အီရတ်သို့စေလွှတ်မှုကန့်ကွက်

ဖေဖော်ဝါရီ ၁၂ရက်က အီရတ်နိုင်ငံ ဆာမာဝါမြို့၌ အမေရိကန်နှင့်အပေါင်းပါတို့ ပစ်ခတ်သည့် စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်ပျက်စီးသွားသည်ကို အီရတ်ညီအစ်မနှစ်ဦးက ပြသနေစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ဖေဖော်ဝါရီ ၁၃ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ အီရတ်သို့ တောင်ကိုရီးယား တပ်ဖွဲ့များ စေလွှတ်ခြင်းအတွက် ဆန့်ကျင်ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၃ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်နှင့် အပေါင်းပါတို့က ဖမ်းဆီးထားသော အီရတ်စစ်အကျဉ်းသားများ ပြန်လွှတ်ပေးရန် အီရတ်ပြည်သူများက ဆန္ဒပြတောင်းဆိုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

ကားဗုံးပေါက်ကွဲ

ဖေဖော်ဝါရီ ၁၁ ရက်ကဘဂ္ဂဒက်မြို့လယ်၌ ကားဗုံး ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီးနောက်အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးကြည့်ရှု နေကြစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ဖေဖော်ဝါရီ ၁၂ ရက်က နာဂျက်ဖ်မြို့၌ အီရတ်လူငယ်များက အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)



15-2 (5).p65 1 3/24/05, 9:47 PM

ဖော်လူဂျာမြို့ရှိ အမေရိကန် စစ်စခန်းတစ်ခု အနီးတွင် အမေရိကန်ထိပ်တန်း တပ်မှူး ဗိုလ်ချုပ်ကြီး ဂျွန်အဘီဇိဒ်၏ ယာဉ်တန်းတိုက်ခိုက်ခြင်း ခံရပြီးနောက် ဗိုလ်ချုပ်ကြီးအဘီဇိဒ်ကို ၎င်း၏တပ်ဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီးဂျွန်အဘီဇိဒ် ဖော်လူဂျာ၌ အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်ခြင်းခံရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အရှေ့အလယ်ပိုင်းတွင် အမေရိကန်ထိပ်တန်းတပ်မှူးဖြစ်သော ဗိုလ်ချုပ်ကြီးဂျွန်အဘီဇိဒ်၏ ယာဉ်တန်းသည် ဖော်လူဂျာရှိ စစ်စခန်းတစ်ခုအနီးတွင် အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်ခြင်းကို ကြာသပတေးနေ့က ခံခဲ့ရသည်။ အမေရိကန်တို့ တစ်ဦးတစ်ယောက်မျှ မထိဟု ဆိုသည်။

ထိုသို့တိုက်ခိုက်ခြင်းခံရပြီးနောက် အမေရိကန်တပ်များက ဖြစ်ပွားရာဒေသတွင် ပစ်ခတ်ကြသဖြင့် အီရတ်နှစ်ဦး သေဆုံးသွားသည်ဟု ဒေသရဲအရာရှိတစ်ဦးက ပြောကြားသည်။

ကျူးလွန်

သေဆုံးသွားသော အီရတ်နှစ်ဦး စီးလာသည့်ကားမှာ အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် ကျည်ပေါက်များ ဖြစ်ကုန်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ အမေရိကန် တပ်ဖွဲ့ဝင်များသည် မဆင်မခြင်ပစ်ခတ်ခဲ့ကြကြောင်း၊ ယင်းလုပ်ရပ်သည် အီရတ်ပြည်သူတို့အပေါ် အမေရိကန်တို့၏ ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်ကြောင်း ဖော်လူဂျာမြို့နေ အီရတ်တစ်ဦးက ပြောဆိုသည်။

ပစ်ခတ်

ဗိုလ်ချုပ်ကြီး အဘီဇိဒ်၏ယာဉ်တန်းကို အီရတ်ပြောက်ကျားများက အဆောက်အအုံအမိုးပေါ်မှနေ၍ ဒုံးပစ်လောင်ချာများ၊ ရိုင်ဖယ်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အမေရိကန်နှင့်အပေါင်းပါတို့ကျူးကျော်တိုက်ခိုက်ပြီးနောက်ပိုင်း အီရတ်ပြည်သူငါးသန်းခန့် ဆင်းရဲနွမ်းပါးစွာ နေထိုင်ကြရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အမေရိကန်နှင့်အပေါင်းပါတို့ ကျူးကျော်တိုက်ခိုက်ပြီးနောက်ပိုင်း အီရတ်ပြည်သူ ငါးသန်းခန့်သည် ဆင်းရဲနွမ်းပါးမှု နိမ့်ကျစွာနေထိုင်ရလျက်ရှိကြောင်း ၁၉၉၃ခုနှစ်တွင် အီရတ်ပြည်သူတို့၏ဆင်းရဲနွမ်းပါးမှုဦးရေမှာ ၁၄၃၀၀၀၀သာ ရှိခဲ့ကြောင်း အီရတ်အလုပ်သမားနှင့် လူမှုရေးဝန်ကြီးဌာနက သတင်းထုတ်ချက်ကို အီရတ် အဇာမင်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

အဆိုပါ ဆင်းရဲနွမ်းပါးမှုနိမ့်ကျစွာနေထိုင်ရသူဦးရေတွင် အသက် ၂၅ နှစ်နှင့် ၄၀အကြား လက်မထပ်ရသေးသည့် အမျိုးသမီးဦးရေမှာ တစ်သန်းကျော်ရှိကြောင်း၊ ယခင်နှစ်များက ကွာရှင်းပြတ်စဲမှု ၁၇၅၀ရှိခဲ့ရာမှ ပြီးခဲ့သည့်နှစ်က အဆိုပါအမှု ၂၀၀၀ ထိ တိုးတက်ခဲ့ကြောင်းလည်း ပြောကြားသည်။

အဆိုပါ ဆင်းရဲနွမ်းပါးစွာနေထိုင်ရမှုသည် အီရတ်နိုင်ငံတွင် လူမှုရေးဆိုင်ရာ ပြဿနာများကြောင့် ဖြစ်ကြောင်း အီရတ်နိုင်ငံအလုပ်သမားနှင့် လူမှုရေးဝန်ကြီးဌာနက မှတ်ယူထားကြောင်း သိရသည်။

တိုးမြင့်လာ

ယင်းပြဿနာများကြောင့် လူမှုရေးကယ်ဆယ်မှုအစီအစဉ်များအရနေထိုင်ရသည့် အီရတ်မိသားစုဝင်များမှာ ၁၅၀၀၀၀မှ ၃၀၀၀၀၀ထိတိုးမြင့်လာခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်စစ်သုံ့ပန်းများအား မတရားနှိပ်စက်မှု ဗြိတိသျှတပ်ဖွဲ့ဝင်များကို စုံစမ်းစစ်ဆေးနေ

လန်ဒန် ဖေဖော်ဝါရီ ၁၁

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသည် အီရတ်စစ်သုံ့ပန်းများကို ဗြိတိသျှတပ်ဖွဲ့ဝင်များက မတရားနှိပ်စက်မှုအပါအဝင် ဖြစ်ရပ်များစွာကို စုံစမ်းစစ်ဆေးနေကြောင်း ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦး၏ ရိုက်နှက် ထိုးကြိတ်ခံရသော အီရတ်စစ်သုံ့ပန်းတစ်ဦးသည် ဒဏ်ရာ ဒဏ်ချက် ၅၀ ထက်မနည်း ရရှိခဲ့ကြောင်း၊ အဆိုပါအီရတ် စစ်သုံ့ပန်းသည် လွန်ခဲ့သည့်နှစ်က ဘာဆာရာ၌ရှိသော ဟိုတယ်ကို ဝင်စီးနင်းစဉ်ဖမ်းဆီးခဲ့သူ ကိုးဦးအနက် တစ်ဦးဖြစ်ကြောင်း သည်ဆန်းသတင်းစာက ရေးသားခဲ့သည်။

ယင်းသို့ ထိုးကြိတ် ရိုက်နှက်ခြင်းခံရသော အီရတ်စစ်သုံ့ပန်းမှာ သေဆုံးခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေး ဝန်ကြီးဌာနက အတည်ပြုပြီး အမှုကို အသေအချာ စစ်ဆေးခဲ့ကြောင်း ပြောဆိုသည်။

စုံစမ်းနေ

ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ မတရားနှိပ်စက်ခြင်းခံရသော အီရတ်စစ်သုံ့ပန်းများ၏ အမှုကိစ္စကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ ဟိုတယ်ကို ဝင်စီးစဉ် ဖမ်းဆီးခဲ့သူများအနက် တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာပြင်းထန်ကြောင်း သည်ဆန်းသတင်းစာက ရေးသား ဖော်ပြခဲ့သည်။

အပြစ်ပေးမည်

အကယ်၍ ဗြိတိသျှတပ်ဖွဲ့ဝင်များ ကျူးလွန်ခဲ့သော ပြစ်မှုများထင်ရှားလျှင် သင့်လျော်သလို အပြစ်ပေးအရေးယူမည်ဟု ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရ အမျိုးသမီးက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

ဖေဖော်ဝါရီ ၁၂ရက်က အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန်ချက်စတာယူနိုက်တက်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်စဉ်။ (ယင်းပွဲတွင် မစ်ဒယ်ဘရော့အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

ရှေးဟောင်းပစ္စည်းအများအပြား အီရတ်တောင်ပိုင်း၌ ရှာဖွေတွေ့ရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်ရှေးဟောင်းပစ္စည်းအများအပြားကို အီရတ်တောင်ပိုင်းတွင် မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ရကြောင်း အီရတ်ရှေးဟောင်း သုတေသနအဖွဲ့ အရာရှိတစ်ဦးက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

ရှာဖွေတွေ့ရှိ

အီရတ်နိုင်ငံတောင်ပိုင်း အယ်လ် ရီဖေးခရိုင်အနီး ဒေသတစ်ခု၌ ယင်းရှေးဟောင်းပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အဆိုပါအရာရှိ ပြောဆိုချက်ကို သတင်းစာက ကိုးကား ဖော်ပြလိုက်သည်။

မှောင်ခိုထုတ်

လွန်ခဲ့သည့် မတ်လက အမေရိကန် ဦးဆောင်သော စစ်ပွဲအတွက် အီရတ်ပြတိုက်များလုယက်ခံခဲ့ကြရပြီး ရှေးဟောင်းပစ္စည်းအများအပြားသည် ပြည်ပသို့ မှောင်ခို ခိုးထုတ်ခြင်းခံခဲ့ကြရသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်စစ်ပွဲ ထောက်ခံခဲ့သူ သတင်းထောက် သုံးသပ်ချက်မှားယွင်းကြောင်း ဝန်ချတောင်းပန်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

အမေရိကန်သမ္မတဘုရှ်၏ အစိုးရအဖွဲ့သည် ပိုမိုပြီး ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသည်။ အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီး လက်နက်များရှိပုံမရသည့်ကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော်၏ မေးမြန်းမှုကို ကောလင်းပါဝဲလ် ရင်ဆိုင်နေရသည်။

အလားတူ အမေရိကန်သတင်းလောကတွင်လည်း လှုပ်ခတ်မှုများဖြစ်ပွားနေသည်။ ဘုရှ်နှင့် အီရတ်စစ်ပွဲကို လူသိထင်ရှားထောက်ခံသူ ဖောက်စ်နယူးသတင်းဌာနမှ သတင်းထောက် ဘီလ်အိုရီလီက အမေရိကန်စစ်ဘက်မှ ဝင်ရောက်စွက်ဖက်မှုကို ထောက်ခံခဲ့သည့်အတွက် ၎င်းက ဝန်ချတောင်းပန်ခဲ့သည်။ မိမိ၏သုံးသပ်ချက် မှားယွင်းခဲ့ကြောင်း ဘီလ်အိုရီလီက ပြောကြားခဲ့ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

ကျိုက်မရောအသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကျိုက်မရောအသင်း(ရန်ကုန်) ၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ ပညာရည်ချွန်ဆု၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်နှင့် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဆရာဝန်အသင်းတိုက်အနီးရှိ စိတ်တိုင်းကျ စားသောက်ဆိုင်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်း တည်းခိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်ကြမည့် စစ်ရေးပြစစ်ကြောင်း တည်းခိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နံနက် ၇ နာရီ ၄၅မိနစ်တွင် တော်လှန်ရေး ပန်းခြံ အစည်းအဝေးခန်းမသို့ရောက်ရှိလာသည်။

မှာကြား

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော် မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား တော်လှန်ရေးပန်းခြံ အစည်းအဝေး ခန်းမ၌ တော်လှန်ရေးပန်းခြံမွမ်းမံပြင် ဆင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းတာဝန်ခံ ဗိုလ်မှူးမျိုးသန့်က မြေပုံ၊ ဇယားများဖြင့် ရှင်းလင်းတင်ပြ ရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဝင်များဖြစ်ကြသည့် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိ ချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ် ဉာဏ်ဝင်းတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြပြီး ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း က လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော် မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ ဝင်များသည် တော်လှန်ရေးပန်းခြံ အတွင်း မွမ်းမံပြင်ဆင်မှုများကို လှည့် လည်ကြည့်ရှုစစ်ဆေးပြီး ထိုမှ ဆက် လက်၍ စစ်ကြောင်းများစုရပ်ဖြစ်သော မြို့မအားကစားကွင်းသို့သွားရောက်၍ ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ အား လိုအပ်သည်များမှာကြားသည်။

ထို့နောက် တပ်မတော်လေ့ကျင့် ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စစ် ကြောင်းများထားရှိရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်သို့ရောက်ရှိရာ တပ်မတော် အရာရှိကြီးများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ စစ်ကြောင်းများ နေရာချထားရေးနှင့်ပတ်သက်၍ တာ ဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စစ်ကြောင်းအိပ်ဆောင်များနှင့် ထမင်း စားဆောင်တို့ကိုလှည့်လည်ကြည့်ရှု စစ်ဆေး၍ စစ်ကြောင်းများ တည်းခိုနေ ထိုင်ရာတွင် အဆင်ပြေစွာဖြင့် စနစ် တကျရှိစေရေး၊ ပတ်ဝန်းကျင် သန့်ရှင်း သပ်ရပ်ရေးတို့အတွက် ကြိုတင်စီစဉ် ဆောင်ရွက်ကြရေး မှာကြားသည်။

လှည့်လည်စစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နံနက် ၉ နာရီမိနစ် ၂၀ တွင် တောင်ဥက္ကလာပ မြို့ နယ်မြေခံတပ်ရင်းများသို့ရောက် ရှိကြရာ တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး နယ်မြေခံတပ်ရင်းများ အတွင်း စစ်ကြောင်းများအိပ်ဆောင် များနှင့် စစ်ရေးပြကွင်းတို့ကို လှည့် လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် တပ်မတော် အရိုးကုဆေး ရုံကြီး(ခုတင်-၅၀၀)သို့ရောက်ရှိရာ တပ်မတော်အရာရှိကြီးများက ကြိုဆို ကြပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိ သူများ၏ ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း က လိုအပ်သည်များမှာကြားကာ စစ် ကြောင်းအိပ်ဆောင်နှင့် စားရိပ်သာတို့ ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မင်္ဂလာဒုံတပ် နယ်စည်းဝေးခန်းမသို့ရောက်ရှိရာ နယ် မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးရဲချစ်ဖေက လုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေ အနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ် ကြောင်း အိပ်ဆောင်များနှင့် စစ်ရေးပြ ကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး ကာ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ် ရေးနှင့် တည်းခိုနေထိုင်မှု အဆင်ပြေ စေရေး စီစဉ်ဆောင်ရွက်ရန် မှာကြား သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် အမှတ်(၁)စစ်ကြောရေး နှင့်တည်းခိုရေးစခန်း(ဘုရင့်နောင်)သို့ ရောက်ရှိရာ တပ်မှူးဒုတိယဗိုလ်မှူးကြီး တင်ကြိုင်နှင့် တပ်မတော် အရာရှိကြီး များကကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ တပ်မှူးဒုတိယဗိုလ်မှူးကြီးတင်ကြိုင်က လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေ အနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ် ငန်းလိုအပ်ချက်များမှာကြားပြီး စစ် ကြောင်းအိပ်ဆောင်များ၊ စားရိပ်သာနှင့် စစ်ရေးပြကွင်းတို့ကို လှည့်လည်ကြည့် ရှုစစ်ဆေးသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဇေယျာဝတီ ရေတပ်စခန်းဌာနချုပ်သို့ရောက်ရှိရာ ဇေယျာဝတီရေတပ်စခန်းဌာနချုပ် ဌာန ချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့် ဌာန ချုပ်မှ အရာရှိကြီးများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းက လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ ကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်သည်များ နေထိုင်စားသောက်မှုအဆင်ပြေစေရေး၊ စိတ်ချမ်းမြေ့ပျော်ရွှင်ရေးတို့အတွက် စီစဉ်ဆောင် ရွက်ပေးရေးမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည် များကို ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက် ပေးခဲ့သည်။ **(သတင်းစဉ်)**

ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက

❋ တစ်သက်တာ ကျန်းမာဖို့
သုံးကြစို့ အသေအချာ
သန့်ရှင်းအိမ်သာ။
❋ ကျန်းမာခြင်းအစမှာ
အဓိကဟာ လက်သန့်ရှင်းရေး။
❋ ရေ၊ အစာ၊ အိမ်သာ၊ တစ်ကိုယ်ရေအပြင်
ဝန်းကျင်တစ်ဖြာ သန့်စေပါလျက်
လက်သန့်ရှင်းရေးဟာ အဓိကပေမို့
ဖေ မေ သား မီး လူကြီးလူငယ် ကိုယ်စီရယ်က
မြဲစုံညီ တကယ်မဆိုင်းပါဘု
နွဲ့ကုန်တစ်လီ ပြည်နယ်၊ တိုင်းတို့အပြိုင်
မြို့နယ်တိုင်း ရပ်ရွာတိုင်း အိမ်တိုင်းမှာကွယ်
ဝိုင်းကြိုးပမ်းပေး။ ။

"သတ္တမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ်" (၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ရက်)ကို ဂုဏ်ပြုလျက်...

ဒေါက်တာသန်းဦး

* **တိုင်းရင်းသားမှ**

အနာဂတ်ရေးစိတ်အေးဖွယ်

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ရင်နှစ်သည်းချာများသည် ဘားအံတက္ကသိုလ် (ပင်မဆောင်)ရှေ့ အဓိပတိလမ်းမကြီးပေါ်မှ စိတ်လက်ကြည်သာရွှင်ပြချမ်းမြေ့စွာ လျှောက်လှမ်းရင်း ဘားအံတက္ကသိုလ် (ပင်မဆောင်)သို့ ကရင်ပြည်နယ်ဒေသအတွင်း နေထိုင်ကြ သည့် ခရိုင်သုံးခရိုင်၊ မြို့နယ်ခုနစ်မြို့နယ်နှင့် ကျေးလက်အုပ်စု ရပ်ကွက် ၄၁၃ခုတို့မှ ဒေသခံများ ပြုံးပန်းဝေစည်စွာဖြင့် ဘားအံတက္ကသိုလ် (ပင်မဆောင်) တွင် တက်ရောက်ပညာသင်ကြားနိုင်ခြင်းမှာ ကရင်ပြည်နယ်အတွင်းရှိ ကျောင်းသူ ကျောင်းသားများ အနာဂတ်အရေးသည် အလွန်စိတ်အေး ချမ်းမြေ့ဖွယ်ရာပင် ဖြစ်သည်။

ဘားအံတက္ကသိုလ် (ပင်မဆောင်)သည် ဘားအံမြို့ အမှတ် (၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ကြာအင်းတောင်ခြေ လမ်းကြားတွင်တည်ရှိပြီး ယုဇနကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဘားအံတက္ကသိုလ် (ပင်မဆောင်)တည်ဆောက်ရန် ၂၀၀၃ ခုနှစ် မေလတွင် မြေတိုင်းတာခဲ့ပြီး ဗိသုကာပုံစံရေးဆွဲကာ ပညာရေးဝန်ကြီးဌာနသို့တင်ပြခဲ့ရာ ခွင့်ပြုချက်ဖြင့် ဇွန်လတွင် မြေနေရာရှင်းလင်းခြင်းနှင့် မြေစမ်းခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ကြသည်။

တစ်ဆက်တစ်စပ်တည်းတည်ဆောက်

ထို့နောက် ဘားအံတက္ကသိုလ်(ပင်မဆောင်)အုတ်မြစ်ချ မင်္ဂလာအခမ်းအနား ကို ၂၀၀၃ခုနှစ် ဇူလိုင်၅ ရက်က ကျင်းပခဲ့သည်။ ဘားအံတက္ကသိုလ် (ပင်မဆောင်) တွင် နှစ်ထပ်ကျောင်းဆောင်နှစ်ဆောင်နှင့် မျက်နှာစာ သုံးထပ်ကျောင်းဆောင်ကို တစ်ဆက်တစ်စပ်တည်း တည်ဆောက်ထားသည်။

ဘားအံတက္ကသိုလ် (ပင်မဆောင်)ကို မုခ်ဦးရှေ့မှကြည့်လျှင် သုံးထပ် ကျောင်းဆောင်ကို ခံ့ညားထည်ဝါစွာတွေ့မြင်ရသည်။ မျက်နှာစာပြု တည်ဆောက် ထားသည့် သုံးထပ်ကျောင်းဆောင်၏ ဝဲယာအနောက်တစ်ဖက်တစ်ချက်စီကို နှစ်ထပ်ကျောင်းဆောင် နှစ်ဆောင်က တစ်ဆက်တစ်စပ်တည်း သွယ်တန်း တည်ဆောက်ထားသည်။

ဘားအံတက္ကသိုလ် (ပင်မဆောင်)ပထမထပ်၌ စီမံရေးရာရုံးခန်း ၁၆ခန်း၊ စာသင်ခန်း ကိုးခန်း၊ IT အခန်းသုံးခန်း၊ Seminar Room တစ်ခန်း၊ စတိုခန်းသုံးခန်းနှင့် သန့်စင်ခန်း လေးစုံဖြင့် ဖွဲ့စည်းထားသည်။

ဒုတိယထပ်တွင် စာသင်ခန်း လေးခန်း၊ သင်ကြားရေးဘာသာရပ်ဌာန ရှစ်ခန်း၊ IT ခန်း လေးခန်း၊ လက်တွေ့ခန်း နှစ်ခန်း၊ စာကြည့်တိုက် တစ်ခန်း၊ Multimedia Lecture Room တစ်ခန်းနှင့် စီမံရေးရာဌာန နှစ်ခန်းထားရှိသည်။

ဘွဲ့အပ်နှင်းမည်

တတိယထပ်တွင် Multifunction Hall တစ်ခုနှင့် နားနေခန်း နှစ်ခန်း ထားရှိသည်။ ၁၉၉၆နှင့်၁၉၉၇ခုနှစ်တွင် အခြေခံပညာအထက်တန်းအောင်မြင်ပြီး တက္ကသိုလ်တွင် ပညာဆက်လက်ကြိုးပမ်းခဲ့သည့် ကျောင်းသူ ကျောင်းသားများကို ဘားအံတက္ကသိုလ် (ပင်မဆောင်) တတိယထပ် ခန်းမကြီးတွင် ဘွဲ့လက်မှတ် အပ်နှင်းချီးမြှင့်မည်ဖြစ်သည်။

ပညာအလင်းရောင်ထွန်းပြောင်

ဘားအံတက္ကသိုလ် (ပင်မဆောင်)သည် ဧရိယာစတုရန်း ၁၁၀၃၁၈ပေ၌ ၉၉၂၈ ဒသမ ၆သိန်း အကုန်အကျခံ၍ လှပတင့်တယ်စွာဖြင့် ပြည်ထောင်စုဖွား ညီနောင်သားချင်းများ၏ အနာဂတ်ပညာအလင်းရောင်ထွန်းပြောင်စေရန် ရည်သန်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဘားအံတက္ကသိုလ်ဖြစ်ပေါ်ခဲ့ရသည့် သမိုင်းကြောင်းကို ဦးဘရွှေ (ပါမောက္ခ၊ သမိုင်းဌာနမှူး)အား မြန်မာ့အလင်းကတွေ့ဆုံမေးမြန်းခဲ့ရာ ဒေသကောလိပ်အဖြစ် စတင်ခဲ့သည်မှ ဘားအံတက္ကသိုလ်ဖြစ်ပေါ်လာသည်အထိ သိရှိခွင့်ရခဲ့သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ လမ်းညွှန်ချက်အရ ဘားအံဒီဂရီကောလိပ်ကို ဘားအံတက္ကသိုလ် အဖြစ် တိုးမြှင့်၍ ၂၀၀၃ ခုနှစ် မေလ ၁၄ ရက်တွင် ဘားအံတက္ကသိုလ် ဖြစ်လာခဲ့သည်။

ကရင်တိုင်းရင်းသားညီနောင်ဖွားတို့ အနာဂတ်လူငယ်များ ပညာအလင်း ရောင် ထွန်းပြောင်ဖို့ရာ တည်ဆောက်မြှင့်တင်ခဲ့သည့် ဘားအံတက္ကသိုလ် (ပင်မဆောင်)တွင် အနာဂတ်ပန်းများပျော်ရွှင်ကြည်နူး စိတ်ချမ်းမြေ့စွာဖြင့် တက်ရောက်ပညာလေ့လာဆည်းပူးခွင့် ရရှိနိုင်တော့မည်ဖြစ်ကြောင်း ရေးသား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နှစ်ထပ်ကျောင်းဆောင် နှစ်ဆောင်နှင့် မျက်နှာစာသုံးထပ်ကျောင်းဆောင်တို့ တစ်ဆက်တစ်စပ်တည်း တည်ဆောက်ထားသည့် ဘားအံတက္ကသိုလ် (ပင်မဆောင်)မြင်ကွင်း။ ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)

15-2 (7).p65 1 3/24/05, 9:47 PM

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

စက်ခလုတ်နှိပ်ဖွင့်

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း) ဖွင့်ပွဲ အခမ်းအနားတွင် ပင်မဆောင်ရှိ ကမ္ဘည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်ပေးစဉ်။

(သတင်းစဉ်)

▼ (၅၇)နှစ်မြောက်မှ

အစိုးရ စက်မှုလက်မှုသိပ္ပံ (မိုးညှင်း) ဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွှန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြောက်ပိုင်း

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)ဖွင့်ပွဲ အခမ်းအနား သစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

တိုင်း စစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်ရှိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကချင်ပြည်နယ်မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အစိုးရ စက်မှုလက်မှုသိပ္ပံ(မိုးညှင်း) ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ ကဗျာလွတ်အကအဖွဲ့နှင့် ကာယအလှ အကအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း) အဝင်ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ အစိုးရ စက်မှုလက်မှုသိပ္ပံ (မိုးညှင်း) ပထမနှစ် လျှပ်စစ်(စွမ်းအား) အင်ဂျင်နီယာသင်တန်းမှ ကျောင်းသား မောင်ကျော်ဖြိုးအောင်နှင့် ပထမနှစ် လျှပ်စစ်(ဆက်သွယ်) အင်ဂျင်နီယာသင်တန်းမှ ကျောင်းသူ မဆန်းမြင့်တို့က အဝင်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပင်မဆောင်ဖွင့်ပွဲ အစီအစဉ်ကို ပင်မဆောင်ရှေ့၌ ကျင်းပရာ ပထမနှစ် စက်မှု(စွမ်းအား) အင်ဂျင်နီယာသင်တန်းမှ ကျောင်းသား မောင်အောင်မြတ်စိုးနှင့် ပထမနှစ် လျှပ်စစ်(စွမ်းအား) အင်ဂျင်နီယာသင်တန်းမှ ကျောင်းသူ မငြိမ်းနန္ဒာအောင်တို့က ပင်မဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ခရေပင်စိုက်ပျိုး

ဆက်လက်၍ အစိုးရ စက်မှုလက်မှုသိပ္ပံ(မိုးညှင်း) ဖွင့်ပွဲ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ပင်မဆောင်ရှေ့၌ကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ခရေပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဒုတိယဝန်ကြီး ဦးမျိုးညွှန့်တို့က သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် အစိုးရ စက်မှုလက်မှု သိပ္ပံ(မိုးညှင်း)အတွက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကလှူဒါန်းသည့် မော်တော်ယာဉ်နှင့် စပ်လျဉ်းသည်များကို တိုင်းမှူးက ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ဆက်လက်၍ ပင်မဆောင်ရှိ ကမ္ဘည်းမော်ကွန်းကျောက်ပြား ဖွင့်လှစ်ခြင်း အစီအစဉ်ကိုကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်ခလုတ်နှိပ်၍ ကမ္ဘည်းမော်ကွန်းကျောက်ပြားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ဘည်းမော်ကွန်းကျောက်ပြားကို နံ့သာရည်များပက်ဖျန်းပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပင်မဆောင်ရှိ Language Lab၊ e-Library၊ စာသင်ခန်းများ၊ Drawing Room နှင့် Computer Training Centre တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပင်မဆောင်ရှိ အစည်းအဝေးခန်းမ၌ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)ဖွင့်ပွဲ အစီအစဉ်များကိုကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ကချင်ပြည်နယ်၏ အဓိကအချက်အချာဖြစ်သည့် မြစ်ကြီးနားနှင့် ဗန်းမော်ဒေသတို့သည် ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် တက္ကသိုလ်၊ ကောလိပ်များဖြင့် စည်ကားသိုက်မြိုက်စွာ တည်ရှိနေသည့်အချိန်တွင် လူဦးရေများပြားပြီး စီးပွားရေးအရ ကချင်ပြည်နယ်အတွက် အရေးပါသည့် မိုးညှင်းဒေသ၌လည်း ဒီဂရီကောလိပ်နှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ ထူထောင်ဖွင့်လှစ်ပြီး လိုအပ်သည့် ပညာတတ်များ မွေးထုတ်နိုင်အောင် စီမံပေးသင့်သည်ဆိုသည့် ဖြူစင်သောစေတနာ၊ ယုံကြည်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်အတွက် ယခုကဲ့သို့ စက်မှု လက်မှုသိပ္ပံ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ မနက်ဖြန်ဆိုလျှင် မိုးညှင်းဒီဂရီကောလိပ်ကို ယခုလိုပင် ခမ်းခမ်းနားနား ဖွင့်လှစ်ပေးဦးမည်ဖြစ်ကြောင်း။

ကချင်ပြည်နယ်၌ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့အရင်းအမြစ်များ၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် မြစ်ကြီးနားနှင့်ဗန်းမော်၌ နည်းပညာကောလိပ် နှစ်ကျောင်း၊ ကွန်ပျူတာကောလိပ် နှစ်ကျောင်းနှင့် မိုးညှင်း၌ အစိုးရစက်မှုလက်မှုသိပ္ပံ တစ်ကျောင်း စုစုပေါင်း အဆင့်မြင့်ကျောင်းပေါင်း ငါးကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်အစိုးရသည် ပြည်နယ်၊ တိုင်း ၁၄ ခုဖြင့် တည်ရှိသည့် အမိပြည်ထောင်စု နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊ တည်ဆောက် အကောင်အထည်ဖော်ထားပြီးဖြစ်သည့် နိုင်ငံတော်၏ တိုးတက်မှုရလဒ်ကောင်းများကို အနာဂတ်ကာလအထိ ထိန်းသိမ်းသယ်ဆောင်နိုင်ရေးစသည့် ရည်မှန်းချက်များဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ငါးရပ်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုပြီး ဖွံ့ဖြိုးရေးစီမံကိန်းသုံးမျိုးချမှတ်ပြီး ကွန်ရက်သဖွယ် ဆက်စပ် ဆက်နွှယ်ပြီး ပြည်ထောင်စုကြီး၏ ဒေသအားလုံး မျှတစွာ တစ်ပြိုင်တည်းဖွံ့ဖြိုးလာအောင် အားထည့်လုပ်ကိုင်လျက်ရှိကြောင်း။

ထို့ကြောင့်လည်း ပြည်နယ်၊ တိုင်းများ၌ ဖွံ့ဖြိုးရေးဒေသများ ပေါ်ထွက်လာပြီး တက္ကသိုလ်၊ ကောလိပ်စသည့် လူ့အရင်းအမြစ် ပြုစုပျိုးထောင်ရာ၊ စောင့်ရှောက်ရာ အဖွဲ့အစည်းဌာနများ၊ အဆင့်မြင့်ဆေးရုံများဖြင့် စည်ကားစွာ ရပ်တည်လာနေပြီ ဖြစ်ကြောင်း။

ပိုမိုကျယ်ပြန့်ပွားများလာ

ဒေသအလိုက်တွင် နေထိုင်ကြသည့် အဆင့်မြင့်ပညာသင်ကြားလိုသူတိုင်းအတွက် လက်လှမ်းတမီ ပညာသင်ကြားနိုင်ခွင့်များ ရရှိနေပြီဖြစ်ကြောင်း၊ ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီး ပြကြီးများမှာသာ သွားရောက်ပြီး အဆင့်မြင့်ပညာသင်ကြားရသည့် ပညာရေးစနစ်ဟောင်းသည် ချုပ်ငြိမ်းသွားပြီး ပညာသင်ကြားမှု အခွင့်အလမ်းများသည် ဒေသအလိုက်၊ နယ်မြေအလိုက် ပိုမိုကျယ်ပြန့် ပွားများလာလျက်ရှိကြောင်း။

ထို့အတူ နိုင်ငံတော်၏ လူဦးရေအများဆုံးနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာပြီး မြို့နှင့်ကျေးလက်အကြား ဆူကြုံနိမ့်မြင့်ကွာဟမှု လျော့နည်းကျဆင်းမှသာ တိုင်းပြည်သည် အမှန်တကယ် အပြည့်အဝ ဖွံ့ဖြိုးတိုးတက်

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)ဖွင့်ပွဲအခမ်းအနားတွင် လှူဒါန်းသောငွေများကို ကျောင်းအုပ်ကြီး ဦးမောင်မောင်သန့်အား လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

လာနိုင်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ် ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိနေသည့်အခြေအနေကို တိုင်းရင်းသား ပြည်သူများ အသိပင် ဖြစ်ကြောင်း။

ဤကဲ့သို့ စီမံကိန်းများချမှတ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် နယ်ပယ်အားလုံး ဖွံ့ဖြိုးအောင် အကောင်အထည်ဖော် ဆောင်ရွက်နေရသည့် အဓိကအနှစ်သာရမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်ရန်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် မိုးညှင်းဒေသမှတိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာနှင့် ရည်မှန်းချက်များကို နားလည် သဘောပေါက်ပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်အားလုံးတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မိုးညှင်းအစိုးရ စက်မှုလက်မှုသိပ္ပံ၌ ခံ့ညားထည်ဝါသည့် စာသင်အဆောက်အအုံကြီး တည်ရှိနေပြီဖြစ်ပြီး မြို့ပြ၊ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ စက်မှု၊ စက်မှုပုံစံပြု၊ သတင်းအချက်အလက် နည်းပညာ စသည့် ဘာသာရပ်ခြောက်မျိုးကို စတင်သင်ကြားနိုင်ပြီဖြစ်သည့်အတွက် နိုင်ငံတော်အတွက်၊ ဒေသအတွက် အမှန်တကယ်လိုအပ်သော အင်ဂျင်နီယာအတတ်ပညာရှင်များ မွေးထုတ်နိုင်အောင် ကြိုးစားကြရန်သာ လိုတော့ကြောင်း။

လက်တွေ့ဆက်စပ်ပူးပေါင်းသင်ကြား

အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်စုံသည့် အောင်မြင်မှုရှိသည့် စက်မှုလက်မှုသိပ္ပံအဖြစ် ရပ်တည်လာနိုင်အောင် ဆရာများရော၊ ကျောင်းသားကျောင်းသူများပါ အပတ်တကုတ်ကြိုးစားကြရမှာဖြစ်ကြောင်း၊ ဆရာ ဆရာမများက မိမိတို့တတ်သိသည့်ပညာကို ပိုမိုတိုးပွားအောင်၊ ပိုမိုကျွမ်းကျင်အောင် ဆက်လက်ဆည်းပူး လေ့လာနေရမှာဖြစ်သကဲ့သို့ မိမိတို့၏ ကျောင်းသားကျောင်းသူများကိုလည်း ထူးချွန်ထက်မြက်သော ပညာတတ်များဖြစ်အောင် ပျိုးထောင်လေ့ကျင့် သင်ကြားပေးကြရမှာဖြစ်ကြောင်း၊ စာသင်ခန်းဘောင်အတွင်းမှာသာ ကန့်သတ်ထားသည့် သင်ကြားမှု၊ သင်ယူမှုမျိုးမဖြစ်စေဘဲ ပြင်ပစက်မှုလုပ်ငန်းများနှင့် လက်တွေ့ဆက်စပ် ပူးပေါင်းသင်ကြားရေးကို ဦးတည်သွားကြရမှာ ဖြစ်ကြောင်း။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ပြည်ထောင်စုတစ်ဝန်း၌ နည်းပညာ တက္ကသိုလ်လေးခု၊ ကွန်ပျူတာ တက္ကသိုလ်နှစ်ခု၊ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ်တစ်ခု၊ အစိုးရနည်းပညာ ကောလိပ်၂၆ခု၊ အစိုးရကွန်ပျူတာ ကောလိပ်၂၃ ခုနှင့် မိုးညှင်းစက်မှုလက်မှုသိပ္ပံအပါအဝင် သိပ္ပံ ၁၁ခု ဖွင့်လှစ်ထားပြီး ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များကို သင်ကြားလေ့လာနိုင်အောင် စီမံထားပြီးဖြစ်ကြောင်း။

အထူးအရေးကြီး

ယနေ့ခေတ်ကာလသည် သိပ္ပံနှင့်နည်းပညာရပ်များ၊ အီလက်ထရွန်နစ်နည်းပညာများ၏ တိုးတက်ပြောင်းလဲမှုများ ကြီးမားကျယ်ပြန့်ပြီး လျင်မြန်သည့် အရှိန်အဟုန်ဖြင့် သွားနေသည့်ကာလဖြစ်ကြောင်း၊ ဤကဲ့သို့ နည်းပညာ တိုးတက်ပြောင်းလဲမှုသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်အသီးသီးကိုပါ ထိရောက်စွာလွှမ်းမိုး ရိုက်ခတ်လျက်ရှိကြောင်း၊ ထို့ကြောင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူတတ်မြောက်ပြီး အသုံးချနိုင်ရန် အထူးအရေးကြီး လျက်ရှိကြောင်း။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်လိုက်သည့် မိုးညှင်းစက်မှုလက်မှုသိပ္ပံသည် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နေသည့် နည်းပညာရပ်များကို အမြဲမပြတ်လေ့လာပြီး နောင်အနာဂတ်၌ ထူးချွန်ထက်မြက်သည့် အတတ်ပညာရှင်ကောင်းများ မိုးညှင်းဒေသမှ ပေါ်ထွက်လာအောင် ကြိုးစားဆောင်ရွက်သွားကြရင်းဖြင့် အဆောက်အအုံကြီး ခံ့ညားထည်ဝါသလို သိပ္ပံ၏ဂုဏ်သိက္ခာကိုလည်း တိုးမြင့်ထည်ဝါအောင် ဝိုင်းဝန်း သယ်ဆောင်ကြပါဟု မှာကြားလိုကြောင်း၊ ကမ္ဘာ့သမိုင်းကြောင်း ဖြစ်စဉ်အရ ၂၁ ရာစုအတွင်း ကမ္ဘာကြီးကို တစည်းတလုံးတည်း ကျစ်လျစ်သိပ်သည်း ဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာကြီးဖြစ်ရေး လမ်းကြောင်းပေါ်သို့ ဦးတည်နေချိန်တွင် မိမိတို့ကလည်း သိပ်သည်းကျစ်လျစ်စုစည်းသောအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးဆိုသည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် တညီတညွတ်တည်း တက်တက်ကြွကြွ ကြိုးပမ်းပါစို့ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း)၏ ပင်မဆောင်ဖွင့်ပွဲအခမ်းအနားသည် ကချင်ပြည်နယ်အတွက် ဂုဏ်ယူဖွယ် အခမ်းအနားတစ်ခုပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် ဤစက်မှုလက်မှုသိပ္ပံ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကလည်း နိုင်ငံတော်၏ ပညာရေးမျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးမောင်မောင်သန့်က အစိုးရစက်မှုလက်မှု သိပ္ပံ(မိုးညှင်း)တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Ever Green ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)တည်ဆောက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက စက်မှုအတတ်ပညာ၊ ကွန်ပျူတာနည်းပညာများကို မိမိဒေသ၌ပင် လွယ်လင့်တကူ သင်ယူတတ်မြောက်ရေးအတွက် ဒေသအသီးသီး၌ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများဖွင့်လှစ်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းနှင့်နည်းပညာသင်တန်း ပထမနှစ် ကျောင်းသူ မဇင်မာဦးက မိုးညှင်းမြို့တွင် အစိုးရ စက်မှုလက်မှုသိပ္ပံ ပေါ်ထွန်းလာသည့်အတွက် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများကိုယ်စား ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ Ever Green ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးသန်းရွှေက အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း) အတွက်လှူဒါန်းငွေကျပ် သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး(၁)က လက်ခံပြီး ကျောင်းအုပ်ကြီး ဦးမောင်မောင်သန့်အား လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များပေးအပ်ကြပြီး ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

ထို့နောက်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပင်မဆောင်ရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း)၏အကျယ်အဝန်းမှ ၅၁ ဧကဖြစ်သည်။ ယနေ့ဖွင့်လှစ်သည့် ပင်မဆောင်မှာ အလျား ၄၄၅ ပေ၊ အနံ ပေ ၂၆၀ ရှိသည်။

စာသင်ခန်း ၁၆ ခန်း၊ ပုံဆွဲခန်း နှစ်ခန်း၊ ဓာတ်ခွဲခန်း နှစ်ခန်း၊ ကွန်ပျူတာခန်း နှစ်ခန်း၊ Multi Media ခန်း တစ်ခန်း၊ ရုံးခန်း သုံးခန်း၊ စာကြည့်တိုက် တစ်ခန်းနှင့် အစည်းအဝေးခန်းမကြီး တစ်ခန်းတို့ ပါရှိသည့် ပင်မဆောင်ဖြစ်သည်။

ပေ ၁၅၀ x ပေ၆၀ ရှိ အလုပ်ရုံ တစ်ရုံကိုလည်း သီးခြားတည်ဆောက်ထားသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း)တွင် မြို့ပြ အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်(ဆက်သွယ်)အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ် (စွမ်းအား) အင်ဂျင်နီယာသင်တန်း၊ စက်မှု(စွမ်းအား) အင်ဂျင်နီယာသင်တန်း၊ စက်မှု(ပုံစံပြု) အင်ဂျင်နီယာသင်တန်းနှင့် သတင်းနှင့်နည်းပညာ အင်ဂျင်နီယာသင်တန်းတို့ သင်ကြားပေးလျက်ရှိသည်။

သိပ္ပံကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၄၇ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

(သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနား မြို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့နောက် မိုးကောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ရတနာခန်းမ၌ ကျောင်းအုပ်ကြီးဦးစောလှမင်းက ကျောင်းအဆောက်အအုံဆိုင်ရာများ၊ ပညာသင်ကြားရေးဆိုင်ရာ ကိစ္စများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း တစ်နှစ်ထက်တစ်နှစ် မြင့်မားကောင်းမွန်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က ကျောင်းနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားပြီး ကျောင်းအတွက် မတည်ဓာတ်အားလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဘငွေ၊ တာဝန်ရှိသူများနှင့် တိုင်းမှူးတို့က ကျေးရွာများ၌ ရေအားလျှပ်စစ်မီးရရှိရေးလုပ်ငန်း အခြေအနေကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုးညှင်းမြို့သို့ ဆက်လက်သွားရောက်ကြပြီး မြစ်ကြီးနား-ရွှေဘို-မန္တလေး ကားလမ်းအခြေအနေကိုလည်းကောင်း၊ လမ်းတွင် တံတားငယ်များ ပြုပြင်နေမှုကို လည်းကောင်း ကြည့်ရှုကြသည်။

လိုက်နာ ဆောင်ရွက်ရမည့် အချက်များကို အသေးစိတ် ရှင်းလင်းပြောကြားကာ အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုးညှင်းမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ရာ ဆရာဝန် ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး မြို့နယ်ဆေးရုံအဆောက်အအုံသစ်ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့သွားရောက်ပြီး ကျေးလက်ဒေသ မီးလင်းရေးအတွက် အသုံးပြု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပံ့ပိုးငွေများကို ကျောင်းအုပ်ကြီးအားပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)သည် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၁ နာရီခွဲတွင် မိုးကောင်းမြို့နယ် ပင့်သာကျေးရွာသို့ ရောက်ရှိကြသည်။

ရေအားလျှပ်စစ်

ထို့နောက် ယာယီရှင်းလင်းဆောင်၌ မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းက ကိုယ့်အားကိုယ်ကိုး နမ္မနကျေးရွာ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့လျှပ်စစ်

ညနေ ၄နာရီတွင် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများ သိရှိ

မည့် ရေအားလျှပ်စစ်ထုတ် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြို့မိမြို့ဖများ၊ မိုးညှင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် မော်တော်ယာဉ်များဖြင့် မိုးညှင်းမြို့မှ မြစ်ကြီးနားမြို့သို့ ထွက်ခွာခဲ့ကြပြီး မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)ဖွင့်ပွဲ အခမ်းအနားတွင် ပင်မဆောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဗောဓိမြိုင် ဓမ္မရသစာစဉ် ထုတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ သာသနာ့အကျိုးဆောင်အဖွဲ့မှ ဗောဓိမြိုင်ဓမ္မရသ စာစဉ်ကို သုံးလတစ်ကြိမ်ထုတ်ဝေရန် စီစဉ်လျက်ရှိရာ စာမူပေးပို့လိုသူများသည် စာတည်းအဖွဲ့တာဝန်ခံများဖြစ်သည့် ဦးသိန်းဦး ဖုန်း-၅၆၅၁၈၉၊ ဦးထွန်းအေး ဖုန်း-၅၇၇၇၈၀၊ ဦးမျိုးမြင့် ဖုန်း- ၇၂၆၈၄၆၊ ဦးကျော်ဝင်း ဖုန်း-၅၆၅၄၉၂၊ ဒေါ်ချိုရွှေ ဖုန်း-၅၇၉၆၂၇ နှင့် ချမ်းသာစာပေ အမှတ် ၁၃၇ (၃၄)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့သို့ မတ် ၇ရက် မတိုင်မီ ပေးပို့နိုင်ကြောင်းသိရသည်။(က-ပ)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

ဆလုံတိုင်းရင်းသားရိုးရာပွဲတော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် စုစည်းထားသောနိုင်ငံဖြစ်သည်။ ရှေးဦးအစကပင် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် မရှိအတူရှိအတူ အေးအတူအပူမျှ နေထိုင်လာခဲ့ကြသည်။ ပြည်ထောင်စုကြီးအတွင်းဝယ် ဥမကွဲသိုက်မပျက် အေးချမ်းတည်ငြိမ်စည်းလုံးညီညွတ်စွာ အမိနိုင်ငံတော်ကို အလုပ်အကျွေးပြုလျက်ရှိသည်။ ယနေ့တပ်မတော်အစိုးရသည် နိုင်ငံတာဝန်ယူခဲ့ချိန်မှစ၍ 'ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး'ဟူသည့် ဒို့တာဝန်အရေးသုံးပါးဖြင့် နိုင်ငံတော်၏ အမျိုးသားရေးအင်အားခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ခဲ့သည်။ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ဖြင့် ချမှတ်ကာ နေ့မအားညမနား ကြိုးပမ်းတည်ဆောက်ခဲ့သည်။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းအားလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းယှက်နွယ် နေထိုင်သော ပြည်ထောင်စုဖြစ်သည်။ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ပါမှတိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မြဲလာမည်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ရေရှည်အာမခံချက်ပြည့်ဝစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်ခိုင်မာမှုဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆလုံတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုး များတွင် အပါအဝင်ဖြစ်သည်။ ဆလုံတို့တွင် ဘာသာစကားရှိသည်။ ရိုးရာဓလေ့စရိုက်လက္ခဏာကောင်းများရှိသည်။ အကတေးဂီတတူရိယာများလည်း ရှိသည်။ ဆလုံတိုင်းရင်းသားများအကြောင်းကို ၁၆၇၅ ခုနှစ်ထုတ် ပြင်သစ်လူမျိုးဝေါင်း ရေးသားသော စာအုပ်မှတ်တမ်းများတွင် စတင်တွေ့ရှိရသည်။ ၁၈၉၁ ခုနှစ် တနင်္သာရီတိုင်း အစီအရင်ခံစာတွင် **'ဆီလုန်'**ဟု ခေါ်ဝေါ်ရေးသားသည်။ ဆလုံတိုင်းရင်းသားတို့က ၎င်းတို့ကို **'မော်ကင်း'**ဟု ခေါ်ကြသည်။

'မော်ကင်း'ဆိုသည်မှာ ဆလုံဘာသာစကားဖြစ်၍ 'ရေမှာကျွမ်းကျင်စွာနစ်သူ'ဟု အဓိပ္ပာယ်ရသည်။ ဆလုံတိုင်းရင်းသားများ အကြောင်းကို စာရေးဆရာ ထားဝယ်ကျော်မင်း၊ ရွှေဝယ်ဧ၊ ဦးမင်းနိုင်တို့က စာပေဖြင့် ရေးသားတင်ပြခဲ့ဖူးသည်။ ဆလုံတိုင်းရင်းသားများသည် တနင်္သာရီတိုင်း မြိတ်ကျွန်းစုအတွင်း မြိတ်မြို့နယ်၊ ကော့သောင်းမြို့နယ်၊ ဘုတ်ပြင်းမြို့နယ် အတွင်းရှိ ပင်လယ်ပြင်ကျွန်းများတွင် နေထိုင်လေ့ရှိကြသည်။ 'စာပေစွမ်းအားဖြင့် ပြည်ထွန်းကား' စေရန် ယနေ့စာပေပညာရှင်များကလည်း ဆလုံတိုင်းရင်းသားတို့အကြောင်းကို ရေးသားတင်ပြနေဆဲဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆုရ မိချမ်းဝေ(ဒေါ်ရီရီထွန်း)၏ ဝတ္ထုတိုများတွင် ဆလုံတိုင်းရင်းသားများ၏ ဘဝမြှင့်တင်ရေး ဝတ္ထုတိုတစ်ပုဒ်ပါရှိသည်။ ထိုဝတ္ထုတွင် ဆလုံတိုင်းရင်းသားများအကြောင်းကို စိတ်ဝင်စားစရာကောင်းအောင် ရေးသားတင်ပြနိုင်သည်။ ဝတ္ထုထဲတွင် ဆလုံတို့ဘဝ မြှင့်တင်ပေးနိုင်ရန်အတွက် ဗမာတိုင်းရင်းသူကျောင်းဆရာမလေးတစ်ဦးနှင့် ဆလုံတိုင်းရင်းသားတစ်ဦးကို အိမ်ထောင်ဖက်ပြုစေခဲ့သည်။ ဤကဲ့သို့ ဆလုံတို့၏ ဘဝမြှင့်တင်ရေးဝတ္ထုကို ပုံပြင်ဆန်သည်ဟု တချို့က ထင်မြင်ယူဆခဲ့ကြသည်။ ယနေ့အချိန်တွင် ဆလုံတိုင်းရင်းသားတို့၏ ဘဝမှာ လှပစွာ လှုပ်ရှားသက်ဝင်နေပြီဖြစ်၏။

၂၀၀၁ ခုနှစ် စာပေဗိမာန်စာမူဆုရ တက္ကသိုလ်ကိုလတ်(ဦးမြင့်သိန်း)၏ ပင်လယ်ပျော် မော်ကင်းစာအုပ်တွင် 'ဆလုံတိုင်းရင်းသားတို့၏ လူနေမှုဘဝ၊ ဓလေ့ထုံးစံများကို ဖော်ထုတ်နိုင်ခဲ့သည်။ ဆလုံတိုင်းရင်းသားမျိုးနွယ်စု'တို့၏ ဘဝဓလေ့အကြောင်း စုစည်းတင်ပြထားသည်။ ဆလုံတို့နေထိုင်ရာ ဒေသသမိုင်းနောက်ခံ၊ ရိုးရာဓလေ့နှင့် ကိုးကွယ်မှု၊ လူနေမှုစနစ်၊ စာပေစကား၊ သာရေးနာရေးစသည်တို့ကို ကျမ်းကိုးများ၊ ကွင်းဆင်းလေ့လာချက်၊ သုတေသနပြုချက်များနှင့် တကွ ဖော်ပြထားသည်။ မနုဿဗေဒဆိုင်ရာ အကြောင်းရပ်ဖြစ်သည်။ စိတ်ဝင်စားဖွယ် ရှားပါးအကြောင်းရပ်လည်းဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စာပေဝန်းကျင်ကို မြှင့်တင်ပေးခြင်းဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအပြင် ပြည်နယ်၊တိုင်း၊ ဒေသအလိုက် အခြေခံမှအစ ဖွံ့ဖြိုးစည်ပင်သာယာရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ကြားကွက်လပ်သဖွယ် ကျန်ရှိနေသေးသော ဒေသများ၌လည်း တစ်ပြေးညီဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခု သတ်မှတ်လုပ်ဆောင်ပေးခဲ့သည်။ တနင်္သာရီတိုင်းတွင် ထားဝယ်၊ မြိတ်၊ ကော့သောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်စေခဲ့သည်။ ရှမ်းပြည်နယ်တွင် တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံဒေသအပြင် ပင်လုံဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ခဲ့သည်။ ကချင်ပြည်နယ်၌ မြစ်ကြီးနား၊ ဗန်းမော်ဒေသအပြင် မိုးညှင်း၊ မိုးကောင်းဒေသများ ဖွံ့ဖြိုးစည်ပင်လာခဲ့သည်။ ပဲခူးတိုင်းအရှေ့ခြမ်းနှင့် အနောက်ခြမ်းလည်း သာယာစိုပြည်ဆေဆာလာခဲ့သည်။ ကျေးလက်ဒေသ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ သောက်သုံးရေ ရရှိရေးတို့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ဖြင့် မြှင့်တင်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စုတစ်ဝန်းလုံး ခေတ်မီတိုးတက်ဖွံ့ဖြိုး စည်ပင်သာယာလာခဲ့သည်။

ယောနကဘိုးထောင်

ထို့အတူ ပြည်ထောင်စုဖွား ဆလုံတိုင်းရင်းသားများ၏ လူနေမှုဘဝဓလေ့ထုံးစံများနှင့် လူမှုစီးပွားရေးဘဝ မြှင့်တင်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ၂၀၀၄ကို ကျင်းပတော့မည်ဖြစ်သည်။ တနင်္သာရီတိုင်း ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာ အုပ်စု မကြိုဂလက်ကျေးရွာတွင် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်မှစ၍ ဖေဖော်ဝါရီ ၁၇ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။

ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်မှ (က) တနင်္သာရီတိုင်း မြိတ်ကျွန်းစုတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေရန်၊ (ခ) ကော့သောင်းခရိုင်အတွင်းနေထိုင်ကြသော ဆလုံတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုဖော်ထုတ်မြှင့်တင်ပေးရန်၊ (ဂ) ဆလုံတိုင်းရင်းသားလူမျိုးများ၏ လူနေမှု အဆင့်အတန်းများ မြှင့်တင်ပေးရန်တို့ဖြစ်သည်။ ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၄ရက်နေ့ ညနေ၄နာရီတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကြိုဂလက်ရွာသို့ ရောက်ရှိခဲ့ကြသည်။

မကြိုဂလက်ကျေးရွာ ခန်းမတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက မကြိုဂလက်ကျေးရွာ ဆလုံ တိုင်းရင်းသားရိုးရာပွဲတော် အောင်မြင်စွာကျင်းပနိုင်ရန် ပွဲတော်မှခံဦး၊ ပွဲတော်ရင်ပြင် စင်မြင့်နှင့်ပြခန်းများ တည်ဆောက်ရန်စီစဉ်ထားမှု၊ဧည့်သည်များသွားလာရေး၊ နေထိုင်ရေးနှင့် စားသောက်ရေးစီစဉ်ထားမှု၊ ဆလုံတိုင်းရင်းသားများ၏ စွမ်းရည်ပြပွဲနှင့်ပျော်ပွဲရွှင်ပွဲများကျင်းပရန် စီစဉ်ထားမှု၊ ဆလုံကျွန်းပေါ်ရှိ လင်းပိုင်မွေးမြူရေးလုပ်ငန်းလေ့လာရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မကြိုဂလက်ကျေးရွာ ဆလုံတိုင်းရင်းသားရိုးရာပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် ဧည့်သည်တော်များ သယ်ယူပို့ဆောင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က ဆလုံတိုင်းရင်းသားပွဲတော်၌ ပြည်ပဧည့်သည်များ၊ သံတမန်များ အများအပြား ပါဝင်ဆင်နွှဲကြရေး ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆလုံပွဲတော်အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းကို စနစ်တကျ စီမံဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်ချက်များကို ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးခဲ့သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆလုံတိုင်းရင်းသားများကို ဆန်အိတ်များပေးအပ်သည်။ ဒေသခံဆလုံတိုင်းရင်းသားများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မကြိုဂလက်ရွာအမည်မှာ ဟိုရှေးရှေးက 'မကြိုဆိုသော ဆလုံမိသားစုအကြီးအကဲ' အုပ်ချုပ်နေထိုင်ခဲ့သည်ကို အစွဲပြု၍ မကြိုဂလက်ရွာဖြစ်လာသည်။ ဆလုံတို့သည် ပင်လယ်ထဲတွင် ပျော်သူများဖြစ်သည်။ လှေကို အိမ်အသွင်ပြု၍ နေထိုင်ကြသည်။ ပင်လယ်လှေပေါ်တွင် လေမချွန်ရ၊ သီချင်းမဆိုရ၊ လှေဦးခြေမကန်ရ၊ ပက်လက်မအိပ်ရဟူသော ထုံးဓလေ့များရှိသည်။

လေ့လာသိရှိသမျှ ဆလုံဘာသာစကားမှာ-

ဂျာဂျာ	မိတ်ဆွေ
အနောင်း	အမေ
အနိုင်း	သမီး
ဒါလပ်	မိန်းကလေး
တအော့	ကြွေဥ
ကဗန်း	လှေ
အော်ဝိန်	ခွေး
မနူကလော(ဝ်)ဝိ	ဧည့်သည်
ဒီညန်းအဒတ်	ရွာအုပ်ချုပ်သူအကြီးအကဲ
ခပ်	တစ်
ဒွပ်	နှစ်
ကတွိန်း	သုံး
ပမ့်	လေး
နမေ(န်)	ငါး
နာမ်(မ်)	ခြောက်
စူကျုံး	ခုနစ်
နလော်(န်)အမောကိုင်း ကညင်းအမွှန်(န)	နေကောင်းရဲ့လား
ကျွေလွန်း(င)ဟား(င)	မင်းတို့ကျေးဇူးကို တစ်သက်လုံးမမေ့ပါဘူး။

မကြိုဂလက်ရွာကလေး တည်နေရာမှာ ပင်လယ်ပြင်အတွင်းက ကျွန်းကလေးတစ်ကျွန်းဖြစ်သည်။ သောက်သုံးရေရှားပါး၍ နိုင်ငံတော်က ရေချိုတွင်းများတူးပေးခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ပေးခြင်း၊ ထို့အပြင် စိမ့်စမ်းရေများ ရှာဖွေဖြည့်တင်းပေးခဲ့သည်။ မကြိုဂလက်ရွာတွင် အိမ်ထောင်စုဦးရေစုစုပေါင်း ၁၀၀ရှိ၏။ လူဦးရေ ၃၇၁ဦး ရှိသည်။ ဆလုံတိုင်းရင်းသူအိမ်ထောင်စု ၄၄စုရှိ၍ လူဦးရေ ၁၅၂ဦးရှိသည်။ ဆလုံ-ဗမာအိမ်ထောင်စု ၃၉စု နှင့် ဗမာအိမ်ထောင်စု ၁၇စု ရှိသည်။ ဆလုံတို့၏ အဓိကလုပ်ငန်းမှာ ပင်လယ်ပြင်ထွက်၍ ငါးဖမ်းခြင်းဖြစ်သည်။

ကင်းမုံမျှားခြင်း၊ ပင်လယ်မျှော့၊ တမ်မချုပ်ငုပ်ခြင်း၊ ခရုငုပ်ခြင်းများကို လုပ်ကိုင်ကြသည်။ ဆလုံများ၏နေ့စဉ်လုပ်ငန်းမှာ လှေဆောက်၊ လှေလှော်၊ ရေငုပ်၊ ခရုရှာ၊ပုလဲငုပ်၊ မျှော့ရှာ၊ အခြောက်လှန်းကြသည်။ ဆလုံတိုင်းရင်းသားရိုးရာပွဲတော်တွင် လက်ဆောင်အပြန်အလှန်ပေးအပ်ခြင်း၊ တစ်ဦးချင်း ရေငုပ်ပြိုင်ပွဲ၊ လှေလှော်ပြိုင်ပွဲ၊ လှေပေါ်နပန်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ဆလုံလူမျိုးအစားအသောက်များမှာ ငါးကင်၊ မျှော့ဟင်း၊ ခရုဟင်း၊ ဟင်းချို၊ ကြွေဥစသည့် ဒေသထွက် ရိုးရာအစားအစာများ ရောင်းချမည်ဖြစ်သည်။ ဌာနဆိုင်ရာပြခန်းပြကွက်များ၊ ပညာရေး၊ ကျန်းမာရေး၊ တည်ဆောက်ရေး၊ မွေးမြူရေး၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ၊ နှစ်ရှည်ပင်စိုက်ပျိုးရေး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး၊ အေအိုင်ဒီအက်(စ်)ရောဂါ တိုက်ဖျက်ရေး၊ တစ်ကိုယ်ရေကျန်းမာမှုစောင့်ရှောက်ရေး လုပ်ငန်းများ လက်တွေ့ပညာပေးပြသမည်။

ဆလုံတိုင်းရင်းသားပွဲတော် ကျင်းပခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များကို ဆက်သွယ် ပေါင်းကူးပေးခြင်းဖြစ်ရာ ပြည်ထောင်စုဖွား ဆလုံတိုင်းရင်းသားတို့၏ လူမှုစီးပွားရေးဘဝသည် အခြားပြည်ထောင်စုဖွား တိုင်ရင်းသားများကဲ့သို့ပင် အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။ ။

မြဝတီရုပ်မြင်သံကြား

၁၅-၂-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးယောသိတ တရားတော် **"သက္ကပညာသုတ်"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Industrial Organization Psychology
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"**(အပိုင်း-၈)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း-၂၈)
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ။

တာမွေကြီးပွားရေးဈေးရုံ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

တာမွေမြို့နယ် တာမွေကြီး(က/ဂ)ရပ်ကွက်၊၁၅၇ လမ်းရှိ တာမွေကြီး(က/ဂ)ရပ်ကွက်လုံးဆိုင်ရာ တာမွေကြီးပွားရေးဈေးရုံ၌ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိကဆရာတော် အရှင်ပုညာနန္ဒက ဖေဖော်ဝါရီ ၁၅ရက်တွင် နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားချီးမြှင့်မည်ဖြစ်၍ ကြွရောက်တရားနာယူနိုင်သည်။ (က-ပ)

ဒိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ချွေးစက်သံလမ်း

ရတနာစည် ဆရာတော် (လွိုင်လင်)

(က)

လူသား၏ ခြေတစ်ဖဝါးစာ မချသာသော မျဉ်းပြိုင်သံလမ်းနှစ်ချောင်းပေါ်မှာသံဘီးတွေလိမ့်နေပြီး ဘီးအပေါ်၌ တစ်တွဲလျှင် လူ၆ဝကျော်သက်သောင့်သက်သာ ထိုင်စီးနိုင်ကာ တွဲပေါင်းများစွာတို့ဖြင့် ဂျုံးဂျုံးဂျက်ဂျက်အသံပေးရင်း တရိပ်ရိပ်ပြေးနေသော ယာဉ်တစ်မျိုးကို မီးရထားဟု ခေါ်ပါ၏။

မီးရထားခရီး၏ အားသာချက်များမှာ သက်သောင့်သက်သာစီးနိုင်ခြင်း၊ ပစ္စည်းအထုပ်အပိုးတွေ လူနှင့် တစ်ပါတည်း သယ်ယူနိုင်ခြင်း၊ ရထားပေါ်မှာပင် စားသောက်နိုင်ပြီး ရထားပေါ်မှာပင် အညစ်အကြေးသန့်စင်နိုင်ခြင်း၊ ကားမူးတတ်သူ မမူးမမော်စီးနိုင်ခြင်းနှင့် ခရီးစရိတ်သက်သာခြင်းတို့ပင်ဖြစ်၏။ ဘူတာရုံရှိသော မြို့၊ ရွာများမှ ထွက်ကုန်ပစ္စည်းများ အခြားဒေသသို့ စရိတ်စကသက်သာစွာ ပေးပို့နိုင်ခြင်း၊ အခြားဒေသထွက်ကုန်များကို ထိုနည်းတူ သယ်ယူလာနိုင်ခြင်းတို့သည် မီးရထား၏ အားသာချက်များပင် ဖြစ်၏။

သည်မီးရထားကြီးတွေ ခုတ်မောင်းနိုင်သည့် သံလမ်းများမှာ ရှမ်းပြည်နယ်တစ်ခုလုံး၌ ၁၉၈၈ ခုနှစ် မတိုင်မီကဆိုလျှင် နှစ်လမ်းသာရှိခဲ့၏။ မန္တလေး-လားရှိုး(မြောက်ပိုင်း)တစ်လမ်းနှင့် သာစည်-ရွှေညောင်(တောင်ပိုင်း)တစ်လမ်းသာဖြစ်၏။ သည်နှစ်လမ်း၌ မြောက်ပိုင်းလမ်းသည် ပြင်ဦးလွင်သို့အတက် လွန်းထိုးများနှင့် ဂုပ်ထိပ်တံတားကြောင့် နာမည်ကြီးခဲ့သလို တောင်ပိုင်းလမ်းသည် ဟဲဟိုးအနီး နှစ်ထပ်သံလမ်းကြောင့် နာမည်ကြီးခဲ့၏။ ထိုနှစ်ထပ်သံလမ်းကို မီးရထားကြီး ကွေ့ပတ်တက်လာပုံ ရိုက်ချက်လှလှများနှင့်'ဘဝသံသရာ...မနေမနား...ရှည်လျား...တစ်သွားတည်းသွားကြတာ'ဟူသော နောက်ခံသီချင်းဖြင့် ဇာတ်ကားဖွင့်သည့် ဘဝသံသရာ ရုပ်ရှင်ဇာတ်ကားကြောင့် ထိုလမ်းသည် ဘဝသံသရာလမ်းအဖြစ် နာမည်ကြီးခဲ့၏။

ရထားလမ်းက ထိုနှစ်လမ်းသာ ရှိပေမင့် ရှမ်းပြည်နယ်က အလွန်ကျယ်ဝန်းနေလေရာ အဆက်ဆက်သော အစိုးရတို့သည် ရထားလမ်းသစ် ဆက်လက်ဖောက်လုပ်ရန် တာဝန်မကျေ ရှိခဲ့သည်တွင် ယနေ့တပ်မတော်အစိုးရ တက်ရောက်လာပြီးသော ကာလများတွင်သော် ယခင့်ယခင် အစိုးရတို့၏ တိုင်းကြွေးပြည်ကြွေး အထွေးထွေးတို့ကို မနှေးလျှင်စွာပေးဆပ်ရင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်နှင့် တိုးတက်ကျယ်ပြန့်စေရန် ကားလမ်း၊ ရထားလမ်း၊ ကားရပ်စခန်း၊ ဘူတာရုံ အုံနှင့်ကျင်းနှင့် တည်ဆောက်ပေးနေသည့်အပြင် လေဆိပ်၊ လေယာဉ်ကွင်းများ၊ အစင်းစင်းသော တံတားကြီးငယ်များကိုပါ ထည့်ဝါခိုင်မတ်စွာ တည်ဆောက်ပေးလျက် ရှိနေလေရာ ယနေ့မူကား နိုင်ငံအရှေ့ဖျား တာချီလိတ်မြို့မှ နိုင်ငံအနောက်ဖျား စစ်တွေမြို့သို့၊ နိုင်ငံတောင်ဖျား ကော့သောင်းမြို့မှ နိုင်ငံမြောက်ဖျားပူတာအိုမြို့သို့ လိုသလို လွယ်ကူစွာ သွားလာကူးသန်းနိုင်သောအဆင့် ရောက်နေလေပြီ။

ဤတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ လက်ရည်လက်သွေး တက်လာပုံ၊ ထက်လာပုံတို့ကို လေ့လာကြည့်လျှင် ဤသို့မြင်ရ၏။ ၁၉၈၈-၈၉ခုနှစ်တွင် သံလမ်းမိုင် ၂၇၉၃ ဒသမ ၈၆ ရှိရာမှ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် သံလမ်းမိုင် ၃၈၉၇ ဒသမ ၂၉ အထိ ရှိလာခြင်း၊ ယခင်က ခရီးမိုင် ၁၉၇၆ ဒသမ ၃၆ မိုင်သာ ပို့ဆောင်နိုင်သော်လည်း ယခု ၂၉၈၉ ဒသမ ၁၂မိုင်အထိ ပို့ဆောင်လာနိုင်ခြင်း၊ ယခင်က ဘူတာရုံ ၄၇၈ ရုံသာ ရှိခဲ့သော်လည်း ယခုဘူတာရုံ ၇၈၆ရုံအထိ ရှိလာခြင်း၊ ယခင်က တံတားကြီး/ငယ်ပေါင်း အစင်း ၅၆၅၀ သာ ရှိခဲ့သော်လည်း ယခု တံတားကြီး/ငယ်ပေါင်း ၉၀၅၆စင်းအထိရှိလာခြင်းဟူသော တိုးတက်မှုဖြစ်စဉ်များ၊ ထို့အတူ ယခင် (၁၉၈၈ခုနှစ်)က ခရီးသည်ဦးရေ ၃၆ ဒသမ ၆၈၉ သန်းကိုသာ ပို့ဆောင်နိုင်ခဲ့သော်လည်း ယခု(၂၀၀၃ခုနှစ်) ခရီးသည်ဦးရေ ၆၁ ဒသမ ၇၆၃သန်းအထိ ပို့ဆောင်လာနိုင်ခြင်း၊ ယခင်ခရီးသည် မိုင် ၁၈၇၀ ဒသမ ၁၂၅ မိုင်မှ ယခု ၂၉၂၆ ဒသမ ၄၃၆ မိုင်အထိ၊ ယခင်ကုန်တန်ချိန် ၁ ဒသမ ၂၆၉ သန်းမှ ယခု ၃ ဒသမ ၄၄၂သန်းအထိ၊ ယခင်ကုန်တန်မိုင် ၁၉၆ဒသမ ၅၇၉မိုင်မှ ယခု ၇၂၃ ဒသမ ၀၉၈ မိုင်အထိသယ်ယူပို့ဆောင်လာနိုင်ခြင်းဟူသော တိုးတက်မှုဖြစ်စဉ်များ မြင့်မားဝင့်ကြွားစွင့်ကားလာကြောင်း တွေ့ရှိရ၏။ [ကိန်းဂဏန်းများကို ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ဖွံ့ဖြိုးဝေစည်မြန်မာပြည် (၁၉၈၈-၂၀၀၃) စာအုပ်မှ ရရှိ။]

ယခုအခါ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် တောင်ဘက်ခြမ်းနှင့် လွိုင်လင်ခရိုင် တောင်ဘက်ခြမ်းတို့၌ လမ်းပန်းဆက်သွယ်မှု ခက်ခဲလျက်ရှိသော ကျေးရွာများသို့ အရောက် ဂျုံးဂျုံးဂျက်ဂျက် အသံပေးကာ မီးရထားကြီး ခုတ်မောင်းနိုင်ရေးအတွက် ကြိုးပမ်းနေပုံ တစ်ခန်းတစ်ကဏ္ဍကို မြင်သမျှကြားသမျှ အထင်ကရအဖြစ် စာသကမ္ပည်းတင်ပါမည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

'နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုက အခြေခံကျသဖြင့် လမ်းများဖောက်၊ တံတားများဆောက်နေခြင်းဖြစ်ကြောင်း'ဖြင့် ၁၉၉၄ ခုနှစ် တတိယလေးလပတ် ညှိနှိုင်းအစည်းအဝေး၌လည်းကောင်း၊ **'တောနှင့်မြို့ကွာဟမှု ကျဉ်းမြောင်းသွားစေရေးအတွက် ဆက်သွယ်သည့် လမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း'**ဖြင့် ၁၉၉၅ခုနှစ် ဒုတိယလေးလပတ်ညှိနှိုင်းအစည်းအဝေး၌ လည်းကောင်း၊ **'နိုင်ငံတော် အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် စီမံချက်များချမှတ် အကောင်အထည် ဖော်နေခြင်းဖြစ်ကြောင်း'** ဖြင့် ၈-၁၁-၉၅ရက်နေ့ကလည်းကောင်း လမ်းညွှန်ခဲ့သည်နှင့်အညီ နိုင်ငံလုံးခြုံကာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကျယ်ပြန့်လာအောင် လမ်းများ၊ တံတားများ၊ ရထားလမ်းများကို အရှိန်အဟုန်မြင့် တည်ဆောက်ခဲ့ရာဝယ် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်အတွင်း ပထမဦးစွာ ပေါ်ထွန်းလာသော ရထားလမ်းမှာ မိုးနဲ-နမ့်စန်လမ်း ဖြစ်ပါသည်။ လမ်းမိုင် ၂၇ ဒသမ ၅၆ မိုင်ကို ၁-၅-၉၅ ရက်နေ့၌ ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသနှင့်ဒေသခံများအား ကြီးမားစွာ ကျေးဇူးပြုနေသော ရထားလမ်းဖြစ်လျက် ရှိပါသည်။ ယခုအခါ နမ့်စန်မှ မိုင်းစိတ်အထိ ဆက်လက်ဖောက်လုပ်ပြီးဖြစ်၍ ရထားများ တိုးချဲ့ပြေးဆွဲနေပြီ ဖြစ်သောကြောင့် ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်လျက် ရှိနေပါသည်။

လွိုင်လင်ခရိုင်ဘက်မှ ယင်းသို့ဆောင်ရွက်နေသည့်နည်းတူ မျက်နှာချင်းဆိုင် တောင်ကြီးခရိုင်ဘက်မှလည်း တောင်ကြီး-ဖာမွန်းရထားလမ်း ၆ ဒသမ ၂ မိုင်ကို ၂၇-၇-၉၆ရက်နေ့၌လည်းကောင်း၊ ဖာမွန်း-ဘန်းယဉ်ရထားလမ်း ၂၇ဒသမ ၄၂မိုင်ကို ၄-၆-၉၆ရက်နေ့၌ လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် ယခုအခါ ဘန်းယဉ်မှဆိုက်ခေါင်အထိ၊ ထိုမှ ပြင်သာယာအထိ ရထားလမ်းဆက်လက်ဖောက်လုပ်ပြီးမြောက်နေပေပြီ။

ယင်းမျက်နှာချင်းဆိုင် ရထားလမ်းနှစ်ခုသည် လွိုင်လင်ခရိုင် ပွန်ချောင်း၌ ဆုံစည်းမိကြလျှင်မူ လွိုင်လင်ခရိုင်နှင့် တောင်ကြီးခရိုင် အချင်းချင်းအပြင် ရန်ကုန်-မန္တလေးအထိ ခရီးသည်ရော ကုန်စည်ပါ မီးရထားဖြင့် သွားလာကူးသန်းနိုင်ကြပါတော့မည်။ လမ်းနှစ်လမ်း၏ မျက်နှာချင်းဆိုင် ဗဟိုချက်ဖြစ်သော ပွန်ချောင်းတံတားကြီး တည်ဆောက်ရေးလုပ်ငန်းမှာ ပြီးစီးအောင်မြင်နေပြီး ထိုတံတားကြီးသို့ ဦးတည်ကာ ဘက်နှစ်ဘက်မှ ရထားလမ်းနှစ်လမ်း လာရောက်ဆုံစည်းနိုင်အောင် အင်ပြည့်အားပြည့် ဖောက်လုပ်လျက်ရှိနေကြပေပြီ။

(ခ)

ဖော်ပြခဲ့သော ရထားလမ်းအပိုင်းများကို ဖောက်လုပ်ရာ၌ မြန်မာ့မီးရထားမှ တတ်ကျွမ်းပညာရှင်များနှင့် ဝန်ထမ်းများကို အင်ပြည့်အားပြည့် ဖြည့်ဆည်းပေးနေသူများကား တပ်မတော်သားများ ဖြစ်ကြလေ၏။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ ဦးဆောင်မှုအောက်ဝယ် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များရှိ တပ်မတော်သားတို့၏ ချွေးစက်များဖြင့် ဖောက်လုပ်သော သံလမ်းများပါပေ။ ထို့ကြောင့် တပ်မတော်သားတို့၏ ချွေးစက်များသည် ကျောက်ဖောက်စက်၊ လွန်သွားများထက် ပိုမိုလျက် မြည့်မြည့်ထက်နေကြကုန်၏။ တပ်မတော်သားတို့၏ ချွေးစက်များသည် မြေကော်စက် လက်သည်းများထက် ကဲသာလျက် မြည့်မြည့်ထက်နေကြကုန်၏။

ယခု ဖောက်လုပ်ပြီး မီးရထားသံလမ်းများကိုပင် လွင်ပြင်မဟုတ်သည့် တောင်ကုန်းနှင့် ချိုင့်ဝှမ်း ရှမ်းကုန်းမြေမြင့်၌ ဖောက်လုပ်ရခြင်းဖြစ်ရာ လွယ်ကူလွန်းလှသည်တော့ မဟုတ်ခဲ့ပါ။ မလွယ်ကူလွန်းခြင်းကြောင့်သာ ဘယ်အစိုးရကမှ စိတ်ကူးမျှဖြင့်ပင် ဖောက်လုပ်နိုင်စွမ်းမရှိခဲ့သော လစ်ဟာလမ်း၊ လေဟာလမ်း၊ အကြွေးတင်လမ်း၊ ကြည့်မမြင်လမ်း ဖြစ်ခဲ့ရပါသည်။

ယနေ့ တပ်မတော်အစိုးရသည်သာလျှင် ဘယ်လောက်ခက်ခက် အခက်ကိုပြေစေနိုင်စွမ်းနှင့် ဘယ်လောက်ကြမ်းကြမ်း အကြမ်းကိုချောစေနိုင်စွမ်း ဟူသော စွမ်းရည်ပြည့်ဝသည့် အစိုးရတစ်ရပ် ဖြစ်နေခြင်းကြောင့်သာ တပ်မတော်စွမ်းအားဖြင့် သည်လမ်းတွေကို မျက်ဝါးထင်ထင် ပေါ်လွင်စေနိုင်ခြင်း၊ ဖောက်လုပ်နေနိုင်ခြင်းဖြစ်၏။

ကြည့်ပါ၊ မျက်နှာချင်းဆိုင်လမ်းနှစ်လမ်း ပေါင်းဆုံမိသည်အထိ ကျန်ရှိနေသေးသော အပိုင်းများကို တပ်မတော်သားတို့၏ချွေးစက်ဖြင့် ဖောက်လုပ်နေရာဝယ် အခက်ခဲဆုံး၊ အပင်ပန်းဆုံး၊အကြမ်းတမ်းဆုံးအနေအထား၌ ကျော်လွှားနိုင်အောင် ကြိုးစားနေကြရကုန်၏။ တောင်ကြီးခရိုင်ဘက်ယခု ရထားလမ်းပေါက်ပြီးဖြစ်သည့် ပြင်သာယာဘူတာရုံမှ ပွန်ချောင်းအထိ ဖောက်လုပ်နေသော ရထားလမ်းအကြောင်း၌ ပင်လယ်ရေပြင်ထက် အမြင့်ပေ ၄၅၀၄ပေရှိ ထီထဲထိုးရွာ၊ ထိုမှ အမြင့်ပေ ၅၁၂၀ရှိ ထမ်ဆိုင်းရွာတို့ကို ဖြတ်ရမည်ဖြစ်ပြီး ထိုမှ ပြန်နိမ့်လာကာ အမြင့်ပေ ၃၀၅၀ ရှိ ထူးကျန်ရွာကိုဖြတ်လျက် ပွန်ချောင်းအရောက် ဖောက်လုပ်ရမည်ဖြစ်၏။ သည်ခရီးအကြား အနိမ့်နှင့်အမြင့် ကွာခြားမှုမှာ ပေ၆၁၆ပေမှ ပေ၂၀၇၀ ဖြစ်၏။

အမြင့်ပေ ၂၀၀၀ ကျော်အတက် ခရီးကို ဒုံးပျံတက်နည်းဖြင့် တက်၍မရသလို အနိမ့်ပေ ၆၀၀ ကျော် အဆင်းခရီးကို ဒိုင်ဗင်ထိုးဆင်းနည်းဖြင့် ဆင်းမရသည်ကား ထင်ရှားလှစွာ၏။ ထို့ကြောင့် ယခင်အတိတ်တော ကာလများတုန်းက ယခုလိုလမ်းမျိုး တောင်တက်၊ တောင်ဆင်းတွေ့လျှင် ၂၅ ပေ၌ တစ်ပေအမြင့်နှုန်းသတ်မှတ်ဖောက်လုပ်လေ့ရှိခဲ့၏။ ယခုလမ်းကား ယခင်နှုန်းစံထက် ပို၍ ပြေပြေတက်၊ ပြေပြေဆင်းဖြစ်ရန်လိုသောကြောင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်ဝယ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းကိုယ်တိုင် ကွင်းဆင်းခရီး၌ အာဆီယံစံညွှန်းနှင့်အညီ အလျားပေ ၈၀ တွင် တစ်ပေအမြင့်နှုန်းဖြင့် ဖောက်လုပ်ရန် မှာကြားခဲ့၏။ လမ်းအန္တရာယ်ကင်းစေရေးကို အဓိကထားခြင်းဖြစ်သောကြောင့် လမ်း၏အလျားမှာ ပိုပြေသွားသလို ပိုရှည်သွား၏။ ပိုရှည်သောကြောင့် ငွေပိုကုန်ကျ၏။ ငွေကုန်လျှင်ကုန်ပါစေ၊ ရေရှည်အန္တရာယ်ကင်းဖို့ လို၏။ ဒါသည်ပင် နိုင်ငံတော်၏ စေတနာ ဖြစ်ပါသည်။

ယင်းစေတနာတို့ကြောင့် အနိမ့်၊ အမြင့် ကွာလှမ်းလွန်းသည့် ထိုရွာသုံးရွာကို ပတ်လမ်းသုံးလမ်းဖြင့် ကွေ့ပတ်၍ ပြေလျော့အောင် ဖောက်လုပ်ရမည်ဖြစ်ပါသည်။

ရထားလမ်းအကြောင်းတစ်လျှောက် ဘယ်လိုမှ ရှောင်တိမ်းမရနိုင်သော လျှိုမြောင်များ၊ ချောင်းခြောက်များ ခံနေလေရာ ယင်းတို့ကို တံတားများဆောက်လျက် ကျော်လွှားရမည်ဖြစ်သောကြောင့် ပွန်ချောင်းအထိ တံတားစုစုပေါင်း ၁၀၄ စင်းတိတိ တည်ဆောက်ရဦးမည်ဖြစ်၏။ မြေဖို့၍ရသော လျှိုမြောင်များကိုမူ သိပ်သည်းစွာမြေဖို့ကာ အမာခံ တည်ဆောက်မည်ဖြစ်ရာ အချို့လျှိုများ၏ အနက်ပေသည်ရာကျော်နေသဖြင့် မြေကျင်းပေါင်းသိန်းကျော် ဖို့ရမည် ဖြစ်၏။ ကျောက်တောင်၊ ကျောက်သားများကိုကား ကျောက်ဖောက်စက်ကြီးများ၊ ယန္တရားများသုံးစွဲရင်း တပ်မတော်သားတို့၏ ချွေးစက်တို့ဖြင့် ဖောက်ထွင်းပစ်မည်ဖြစ်၏။

တစ်ဖန် လွိုင်လင်ခရိုင်ဘက်မှ ယခုရထားလမ်းပေါက်ပြီးဖြစ်သည့် ကောင်းစိုင်းဘူတာမှ ပွန်ချောင်းအရောက် ဖောက်လုပ်ရမည့် ရထားလမ်းအကြောင်း၌ နမ့်မဟိတ်ရွာ၊ ထီပင်ရွာ၊ တောင်တိုင်းရွာ၊ ဘန်းကျောက်ရွာတို့ကို ဖြတ်သန်းရမည်ဖြစ်ရာ အမြင့်ပေ ၄၃၀၀ အထိ အလျားပေ ၈၀ လျှင် တစ်ပေအမြင့်နှုန်း ပြေပြေတက်နိုင်၊ ပြေပြေဆင်းနိုင်ရန် ကျောက်တောင်၊ ကျောက်သားတို့ကို ဖဲ့တန်ဖဲ့၊ ဖောက်တန်ဖောက်ရမည် ဖြစ်သည့်အပြင် တောင်ကြီးခရိုင်ဘက်ထက် လျှိုမြောင်၊ ချောင်းစို၊ ချောင်းခြောက် ပိုပေါသောကြောင့် တံတားပေါင်း ၂၂၆ စင်း တည်ဆောက်ရမည်ဖြစ်၏။

ရထားလမ်းဖြစ်သောကြောင့် မြေသားတာပေါင်လုပ်ငန်း၊ ကျောက်ခင်းလုပ်ငန်း၊ ဇလီဖားတုံးခင်းလုပ်ငန်း၊ ကျောက်ဖြည့်လုပ်ငန်းနှင့် သံလမ်းခင်းလုပ်ငန်းဟူ၍ အဆင့်ဆင့် ရှိနေပါသေး၏။

(ဂ)

ချွေးစက်သံလမ်းအံ့မခန်း

(၁)ဆက်လက်ဖောက်လုပ်မည့် ရထားလမ်းအရှည်

-တောင်ကြီးခရိုင် ဆိုက်ခေါင်မှ ပွန်ချောင်းသို့	၄၈ မိုင်
-လွိုင်လင်ခရိုင် နမ့်စန်မှ ပွန်ချောင်းသို့	၅၅ မိုင်

(၂)မြေသားတာပေါင်လုပ်ငန်း

-တောင်ကြီးဘက်မှ	တူးမြေကျင်း	၂၇ ဒသမ ၄၀ သိန်း
	ဖို့မြေကျင်း	၂၂ ဒသမ ၆၀ သိန်း
-လွိုင်လင်ဘက်မှ	တူးမြေကျင်း	၁၈ ဒသမ ၂၆ သိန်း
	ဖို့မြေကျင်း	၁၃ ဒသမ ၇၄ သိန်း
စုစုပေါင်းမြေကျင်း		၈၂ ဒသမ ၀၀ သိန်း

(၃) ကျောက်ခင်းလုပ်ငန်း

-တောင်ကြီးဘက်ကျောက်ကျင်း	၃၃၂၃၂ ကျင်း
-လွိုင်လင်ဘက် ကျောက်ကျင်း	၄၀၃၀၁ ကျင်း
စုစုပေါင်း ကျောက်ကျင်း	၇၃၅၃၃ ကျင်း

(၄) တံတားလုပ်ငန်း

-တောင်ကြီးဘက်	၁၀၄ စင်း
-လွိုင်လင်ဘက်	၂၂၆ စင်း
စုစုပေါင်းတံတားအစင်း	၃၃၀

(ဃ)

" နေပါဦး ဒကာကြီး...မေးစရာလေးတွေ တွေ့လာလို့ မေးမယ်နော်။ အခုအတိုင်းဆိုတော့ ရထားလမ်းက ရွာတွေအရောက် တစ်ရွာပြီးတစ်ရွာ ကွေ့ပတ်ဖောက်မှာပေါ့။ တကယ်လို့ ရွာတွေအရောက်မဖောက်ဘဲ တည့်တည့်ဖောက်မယ်ဆိုရင် မိုင်အများကြီး တိုသွားမှာပေါ့။ ဘာဖြစ်လို့ ရွာတွေအရောက် ကွေ့ပတ်ဖောက်ရတာလဲ"

"မှန်ပါ...ဒါက နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုအရပါဘုရား။ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းအောင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အထောက်အကူဖြစ်အောင်၊ ကျေးလက်စီးပွားရေးတိုးတက်အောင် အခုလို ရွာတွေအရောက် ရထားလမ်းကွေ့ပတ်ဖောက်တာပါ။ ဒီအတွက် ငွေပိုကုန်ပါတယ်။ နိုင်ငံတော်က ငွေပိုကုန်တာကိုမကြည့်ဘဲ ဒေသနဲ့ ဒေသသားတွေ၊ ကျေးရွာတွေကို ကြည့်တာပါဘုရား"

လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး ဖြစ်ပါသည်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ကွပ်ကဲမှုအောက်၌ ရထားလမ်းဖောက်လုပ်ရေး ကွပ်ကဲရေးမှူးဖြစ်ပါသည်။

"သြော်...သဘောပေါက်ပြီ ဒကာကြီးရေ...၊ အခု ဇန်နဝါရီလ ၂၆ ရက်နေ့က နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရေးမြို့နယ်ခရီးစဉ်မှာ **'ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ပါမှ မြို့နယ်အလိုက်ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူတွေ လူမှုဘဝတိုးတက်မြင့်မားလာနိုင်မယ်'** လို့ မှာကြားခဲ့ကြောင်း သတင်းစာတွေမှာ ဖတ်လိုက်ရသေးတယ်။ ဒီတော့ အခု ဒီရထားလမ်းဟာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို ကောင်းကောင်းကြီး အထောက်အကူ ပြုတဲ့ရထားလမ်းကြီးပေါ့"

"မှန်ပါတယ်ဘုရား နောက်တစ်ခု စဉ်းစားကြည့်မယ်ဆိုရင် တောင်ကြီးနဲ့ လွိုင်လင်ကို ကားလမ်းအတိုင်း ရထားလမ်းဖောက်ရင်လဲ ဖြစ်နိုင်ပါတယ်ဘုရား။ မိုင်တိုမယ်၊ လွန်းထိုးတော့ ဖောက်ရမယ်။ အခု ရထားလမ်းထက် ထက်ဝက်လောက် သက်သာမယ်။ ဒါပေမယ့် တောင်ဘက်ခြမ်းကျေးရွာတွေကို မရောက်တော့ အဲဒီကျေးရွာတွေ ဒုံရင်း ဒုံရင်းပဲ ဖြစ်နေမယ်ဘုရား။ နိုင်ငံတော်ရဲ့ စေတနာက ကျေးရွာဆိုတဲ့ ခြေထောက်ကစပြီး သန်မာစေချင်တာပါဘုရား။ ကျေးရွာတွေဖွံ့ဖြိုးမှ မြို့နယ်ဖွံ့ဖြိုးမယ်၊ မြို့နယ်ဖွံ့ဖြိုးမှ ခရိုင်ဖွံ့ဖြိုးမယ်။ ဒီနည်းနဲ့ တစ်တိုင်းတစ်ပြည်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့ပါဘုရား"

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

15-2 (11).p65 1 3/24/05, 9:47 PM

စာမျက်နှာ (၁၁) ဆောင်းပါးမှအဆက်

(င)

တစ်တိုင်းတစ်ပြည်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့ တပ်မတော်သားများကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိသည်တို့တွင် ယခုရထားလမ်း လျင်မြန်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ဤသို့အစုအဖွဲ့များ ခွဲကာ လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် မနားတမ်း ဆောင်ရွက်နေကြပါကုန်၏။

၂၀၀၄ခုနှစ် ပြည်ထောင်စုနေ့အမီ ရထားလမ်းပိုင်းအချို့ ဖွင့်လှစ်နိုင်ရန် နေ့ညမနားဆောင်ရွက်လျက်ရှိရာ တောင်ကြီးဘက်၌ ပြင်သာယာဘူတာမှ ထီရိဘူတာအထိ လမ်းအရှည် ၄ဒသမ၃မိုင်၊ လွိုင်လင်ဘက်၌ မိုင်းစိတ်ဘူတာမှ ကောင်းဆိုင်ဘူတာအထိ လမ်းအရှည် ၁၀ဒသမ၂မိုင် အချောကိုင်လုပ်ငန်းများ ပြီးပြတ်အောင် ကြိုးပမ်းလျက်ရှိကြ၏။

ထို့အပြင် တောင်ကြီးဘက်၌ ထီရိဘူတာမှ ထီထဲထိုးရွာအထိ တစ်ပိုင်း၊ထိုမှ ပွန်ချောင်းအထိ တစ်ပိုင်းဟု နှစ်ပိုင်းနှစ်ဖွဲ့ဆောင်ရွက်လျက်ရှိရာ အပိုင်း (၁)၌ မြေထိုးစက် ခြောက်စီး၊ မြေကော်စက် ငါးစီး၊ မြေသယ်ယာဉ် ခြောက်စီး၊ ကျောက်ဖောက်စက်ကြီးနှစ်လုံး၊ အသေးနှစ်လုံးတို့ဖြင့်လည်းကောင်း၊ အပိုင်း (၂)၌ ပူးပေါင်း မြေထိုးစက် ၁၂စီး၊ မြေကော်စက် ၁၀စီး၊ မြေသယ်ယာဉ် ၁၂စီး၊ ကျောက်ဖောက်စက်ကြီး နှစ်လုံး၊ အသေးရှစ်လုံးတို့ဖြင့်လည်းကောင်း စက်အားလူအား ဘယ်မနား ကြိုးစားဆောင်ရွက်နေသကဲ့သို့ လွိုင်လင်ဘက်မှလည်း ပွန်ချောင်းအရောက် ယခု ပွင့်လင်းရာသီအတွင်း များပြားစွာသော တံတားတည်ဆောက်ရေးလုပ်ငန်းတို့ကို ပြီးပြတ်သွားအောင် အတတ်နိုင်ဆုံး ကြိုးပမ်းလျက်ရှိကြ၏။

တကယ်တော့ ဤရထားလမ်းဖောက်လုပ်ရခြင်းသည် လွယ်လွယ်ကူကူ မဟုတ်ပါချေ။ ပြန့်ပြူးသောမြေပြင်မဟုတ်သည့်အပြင် ကျောက်တောင်များ၊ လျှိုမြောင်များ၊ ကျောက်သားများ၊ ချောက်ကမ်းပါးများဖြင့် အဆင်းခက်ခက် အတက်ကြမ်းကြမ်းတွေချည်း ဖြစ်ပါသည်။ တစ်ကွေ့ကွေ့လိုက်သည်နှင့်ချောက်ကမ်းပါးကြီး ဘွားကနဲ ပေါ်လာသလို တစ်မော့မော့လိုက်သည်နှင့် ကျောက် သားတောင်ကြီးက ဆီးခံနေပါ၏။ ယခင်ဖောက်ထားသော ရွာချင်းဆက်လမ်းများကလည်း သွားသာရုံဖြစ်ရုံမက အကွေ့အကောက်အတက်အဆင်းတို့ကြောင့် ပန်းခင်းလမ်းမမည်ခဲ့ပါ။ သည်ကြားထဲ လက်နက်ကိုင်ဆန့်ကျင်ရေး တွေလည်းရှိခဲ့သောကြောင့် ဒေသသားတို့အဖို့ ဖွံ့ဖြိုးတိုးတက်ရေးအလားအလာဆိုသည်မှာ သန်းခေါင်ယံထဲ၌ မှောင်မြဲဝယ်မှောင်ဆဲနှင့် မှောင်လတ္တံ့သာ ဖြစ်ခဲ့ရပါသည်။

ယနေ့တပ်မတော်အစိုးရ တက်ရောက်လာပြီးသည်မှာဘက် ကာလများရောက်လာမှသာ ဒေသခံများအဖို့ ငြိမ်းချမ်းရေး... တဲ့။ ဖွံ့ဖြိုးရေး... တဲ့။ အတန်းကျောင်း... တဲ့။ ဆေးပေးခန်း... တဲ့။ လမ်းတံတားတဲ့။ ရထားလမ်း... တဲ့... ဟုတဲ့...အသံတွေညံဝေစွာ ကြားလာကြရပါကုန်၏။

(စ)

"တပည့်တော် မိုင်းစိတ်ရွာကပါဘုရား။ လွိုင်လင်မှာ ကိစ္စလေးတစ်ခုရှိလို့ တက်လာရင်း ဆရာတော့်ဆီ ရောက်လာတာပါဘုရား"

မြင်ဖူးခဲ့သော ဆရာတော်ငယ်တစ်ပါးဖြစ်ပါသည်။ ဤအရှင်တို့က အာဝါသိကဝတ် (ကျောင်းနေဝတ္တရား) ပြုရင်း၊ သိက္ခာဝါမေးရင်း၊ သာသနာရေးရာများ ပြောဆိုရင်း ရထားလမ်းအကြောင်း မေးကြည့်မိ၏။

"အခုဆို ရထားလမ်းက မိုင်းစစ်အထိ ပေါက်နေပြီနော်"

"မှန်ပါ...တပည့်တော် မိုင်းစစ်ကနေ နမ့်စန်ကိုရထားစီးလာပြီး နမ့်စန်ကမှ ကားနဲ့တက်လာတာပါဘုရား။ ဒီရထားလမ်းမပေါက်ခင်တုန်းကတော့ မိုင်းစစ်ကနေ မိုင်းပွန်ကိုသွား၊ မိုင်းပွန်ကမှ လွိုင်လင်ကို ကားစောင့်စီးဆိုတော့ ခရီးကြာပါတယ်။ အခုတော့ မြန်နေပါပြီဘုရား"

"အဲဒီရထားလမ်းကို တပ်မတော်သားတွေ လုပ်အားနဲ့ ဖောက်နေတာမဟုတ်လား။"

"မှန်ပါတယ်ဆရာတော်။ တပ်မတော်သားတွေ လုပ်အားနဲ့ ဖောက်နေကြတာပါ။ အခုမှ တပည့်တော်တို့လည်း တပ်မတော်သားတွေနဲ့ နီးနီး ကပ်ကပ်ရှိနေလို့ အခုမှပဲ တပ်မတော်သားတွေအကြောင်း ကောင်းကောင်းကြီး ကိုယ်တွေ့သိရပါတော့တယ်။ တကယ်တော့ တပ်မတော်သားတွေဟာ အလွန်အပင်ပန်းခံပြီး ဒေသခံတွေရဲ့အကျိုးကို သယ်ပိုးပေးနေတဲ့ ဒကာတွေပါဘုရား"

ဆရာတော်ငယ်က ဆက်လျှောက်ထား၏။

"အခုမိုင်းစစ်ကနေ ကောင်းဆိုင်အထိ သံလမ်းခင်းပြီးပြီဘုရား။ သံလမ်းအရှည်ကြီး၊ အလေးကြီးကို တပ်မတော်သားတွေ ဝိုင်းထမ်းပြီး တာပေါင်ပေါ်အရောက် ထမ်းတင်ရတာ။ တကယ့်ကို ချွေးစက်စက် ကျတယ်ဘုရား။ ကိုယ်တွေ့ပါ ဆရာတော်"

ထိုဆရာတော်ငယ်၏ ကိုယ်တွေ့ ချွေးစက်သံလမ်းအကြောင်း နားစိုက်ရင်း ဤအရှင်တို့ ရင်တွင်းသို့ ကာရန်တစ်ပုဒ် တိုးဝှေ့လာလေ၏။ ကာရန်၏အသံကို ရင်ထဲမှာ ညံညံဝေ ကြားနေရလေ၏။ နားက ဆရာတော်ငယ်၏ စကားသံကို အာရုံစိုက်ရင်း၊ နှလုံးသားက ကာရန်၏အသံကို အာရုံစိုက်ရင်း စိတ်မျက်ဝန်းကမူ ဂျုံးဂျုံးဂျက်ဂျက် အသံပေးကာ ထွက်ခွာလာသော ချွေးစက်သံလမ်းပေါ်မှ မီးရထားကြီးကို မညည်းတမ်းမြင်ယောင်နေပါတော့သတည်း။

(ဆ)

ဂျုံးဂျုံးဂျက်ဂျက်၊ ခရီးထွက်ပြီ
ချွေးစက်သံလမ်း အပေါ်မှာ။
နေရောင်အလက်၊ ပြုံးပြုံးပြက်ပြီ
ချွေးစက်သံလမ်း အပေါ်မှာ။ ။

လှိုင်သာယာမြို့နယ် (၉)ရပ်ကွက်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက်လုံးဆိုင်ရာ စတုတ္ထအကြိမ်မြောက်မြို့နယ်လုံးကျွတ် စုပေါင်းတစ်ဆုပ်ဆန်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁နာရီက ဘားအံလမ်းထိပ်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဝင် သောင်ကြီးပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တဝိစိတ္တဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်တော်မူကြီးပြီး (အပေါ်ပုံ)မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသာဖုံတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ဘားအံလမ်းထိပ်ဗဟိုမဏ္ဍပ်မှ မကွေးလမ်းတစ်လျှောက် အနောက်ဘက်ဆင်ဖြူရှင်လမ်းအထိ၊ ဆင်ဖြူရှင်လမ်းမှ မြောက်ဘက်မင်းဘူးလမ်းထိ၊ မင်းဘူးလမ်းမှ အရှေ့ဘက် ဗိုလ်အောင်ကျော်လမ်းအထိ၊ဗိုလ်အောင်ကျော်လမ်းမှ အနောက်ဘက် ဘားအံလမ်းဆုံအထိ ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာလေးများက လှည့်လည်ကြွရောက်အလှူခံကြရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ၊ ရပ်ကွက်ပြည်သူများက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်းဆန်စိမ်းများ စည်ကားသိုက် မြိုက်စွာ လှူဒါန်းကြကြောင်းသိရသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဖေဖော်ဝါရီ၉ရက်က လှိုင်မြို့နယ် ကမာရွတ်ဘူတာရုံလမ်းရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးဒီဂရီကောလိပ်(ရန်ကုန်)၌ ပြုလုပ်သော နိုင်ငံတကာဆက်ဆံရေး အင်္ဂလိပ်စာ သင်တန်းအမှတ်စဉ် (၁/၂၀၀၄)သင်တန်းဖွင့်ပွဲတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကိုယ်တိုင်ရေးရာဇဝင်ဇာတ်ကားမကြာမီရုံဝင်မည် ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

မျက်နှာများတဲ့ ကောင်းကင် ဇာတ်ကားမှ လွင်မိုး၊ တင့်တင့်ထွန်း။

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များရုံဝင်လာခြင်းမရှိဘဲ ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက် ပြလျက်ရှိသည်။

ငြိမ်းမင်း၏ ဇာတ်ညွှန်းကိုဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူးပြီး ရန်အောင်၊ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ ပါဝင်သရုပ်ဆောင်ထားသော **'မျက်နှာများတဲ့ ကောင်းကင်'** ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက် အောင်ပွဲခံပြသလျက်ရှိသည်။

ဒါရိုက်တာ ခင်မောင်ဦး၊စိုးသိမ်းထွဋ် ရိုက်ကူးပြီး ရာဇာနေဝင်း နှစ်ကိုယ်ခွဲ၊ ဇာဂနာ၊ စိုးမြတ်နန္ဒာ၊ ဆုပန်ထွာတို့ပါဝင် သရုပ်ဆောင်ထားသည့် **'ပေါက်ပေါက်မြောက်မြောက်'** ဇာတ်ကား ရှေ့ဆောင်နှင့်နဝဒေးရုံများတွင် ပြသလျက်ရှိသည်။

နေပြည်တော်ရုံတွင် ဟောင်ကောင်အက်ရှင်ဇာတ်ကား So Close ဆက်လက်ပြသလျက်ရှိသည်။ မြို့မရုပ်ရှင်ရုံတွင် Sanjay Dutt, Amitabh Bachchan, Ajay Devgan, Aishwariya Ria တို့ပါဝင် သရုပ်ဆောင်ထားသည့် Hum Ki Sise Kum Nahin ဇာတ်ကားရုံဝင်လာသည်။ ရွှေဂုန်ရုံတွင် Duston Checks in ဇာတ်ကားရုံဝင်လာသည်။ အောင်ကျော်ဇော ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မီးပွားရိုက်ကူးမည့် **'နှစ်အရိုးတစ်'** ရုပ်ရှင်ဇာတ်ကားတွင် စိုင်းစိုင်းခမ်းလှိုင်နှင့် တွဲဖက်သရုပ်ဆောင်မည့် အမျိုးသမီး အဓိကသရုပ်ဆောင်သစ် နှစ်ဦးလိုအပ်နေ၍ စိတ်ဝင်စားပါက "အောင်ကျော်ဇော" ရုပ်ရှင်ထုတ်လုပ်ရေး အမှတ် ၂၅၁၊ မြေညီထပ်၊ ၃၅ လမ်း (အထက)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၉၆၁၇ သို့ လိပ်မူ၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**



ကိုယ်တိုင်ရေးရာဇဝင်ဇာတ်ကားမှ ဒွေး၊ နိုင်သင်းကြည်။

So Close ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ကိုယ်တိုင်ရေးရာဇဝင်ဇာတ်ကား မကြာမီရုံဝင်မည်

ပေပါမွန်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ရိုက်ကူးပြီး ဒွေး၊ လွင်မိုး၊ ရဲအောင်၊ နန္ဒာလှိုင်၊ နိုင်သင်းကြည်၊ အောင်လွင်၊ နွဲ့နွဲ့မူ၊ မေသဉ္ဇာဦး၊ ထွန်းထွန်းဝင်းတို့ပါဝင် သရုပ်ဆောင်ထားသည့် ကိုယ်တိုင်ရေး ရာဇဝင်ဇာတ်ကား မကြာမီ ရုံဝင်လာမည် ဖြစ်သည်။ (မြန်မာ့အလင်း)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား မြို့နယ်အသီးသီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပ

ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်း သဝဏ်လွှာဖတ်ကြားစဉ်။ (၂၁၀)

ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်း သဝဏ်လွှာဖတ်ကြားစဉ်။ (၄၀၀)

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင် သဝဏ်လွှာဖတ်ကြားစဉ်။ (၀၄၆)

မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကို သဝဏ်လွှာဖတ်ကြားစဉ်။ (၂၅၆)

သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန် သဝဏ်လွှာ ဖတ်ကြားစဉ်။ (၃၀၂)

ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကြည့်မြင်တိုင်မြို့နယ် (၅၇) နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် နံနက် ၇နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြဝတ်ရည်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းက ဖတ်ကြားသည်။

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၁၅)

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စက်ရုံအလုပ်ရုံများမှ စက်ရုံမှူးများနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်း သဝဏ်လွှာဖတ်ကြားစဉ်။ (၃၂၂)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၂-၂၀၀၄(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချို့အေးမင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အကပြိုင်ပွဲ
၈:၁၅	၇။	ဆွာချောင်းရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၀၅	၂။	မြန်မာဗီဒီယိုဇာတ်လမ်း **"အလွမ်းမဲ့မျက်ဝန်း"** (ဝေ့ကျော်၊ဝိုင်း၊ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ကိုမျိုးထူး)
၁၂:၅၀	၃။	Milo Success in Soccer
၁၃:၀၀	၄။	ပထမအကြိမ်အသက် (၁၈)နှစ်အောက်ဘောလုံးမိတ်ဆက်လူငယ်ချန်ပီယံမြန်မာ(ဗိုလ်လုပွဲ) (မြန်မာနှင့်အိန္ဒိယ)
၁၄:၁၀	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၁၆)
၁၄:၄၅	၇။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
၁၇:၁၅	၆။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၂၅	၇။	ဆိုကြမယ်၊ပျော်ကြမယ်
၁၈:၃၀	၈။	ညနေခင်းသတင်း
၁၉:၀၀	၉။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၀။	စိုက်ပျိုးစွမ်းအား ပြည့်ထွန်းကား
၁၉:၁၅	၁၁။	ပထမအကြိမ်ဘောလုံးမိတ်ဆက်လူငယ်ဘောလုံးပွဲချန်ပီယံ ဂုဏ်ပြုဆွေးနွေးခန်း(အပိုင်း-၂)
၁၉:၃၀	၁၂။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ တို့ဝန်တာ **"တစ်နံတစ်လျား အလှစုံညီ မြန်မာပြည်"** (အပိုင်း-၂)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ပတ်လည်ဂုဏ်ပြုအငြိမ့် [မင်းသမီး-ခိုင်သဇင်သင်း၊ စုလေးညို၊လူရွှင်တော်-ဇော်ဝင်းနိုင်(အနုပညာ)၊ ထင်ပေါ်၊ငွေတောင်၊အုန်းသီး၊ဖေဒါ]

နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲနှင့် သတ္တမအကြိမ်စုပေါင်းဓမ္မပူဇာပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

လှိုင်သာယာမြို့နယ် (၁/၁၂) ရပ်ကွက် ကန်သာယာလမ်း တရားမဏ္ဍပ်တွင် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲနှင့် သတ္တမအကြိမ် စုပေါင်းဓမ္မပူဇာပွဲကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဦးသူရိယ (လွမ်းစေတီ) နယ်လှည့်ဓမ္မကထိက အောင်ပရဟိတ စာသင်တိုက်၊ ၁၇ ရက်တွင် အရှင်သီရိန္ဒာဘိဝံသ (ယော) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ၁၈ရက်တွင် ဦးရေဝတ (ဓမ္မာစရိယ) အကျော်ပရိယတ္တိစာသင်တိုက်၊ ၁၉ရက်တွင် ဦးတေဇဝန္တ (ဓမ္မာစရိယ)ဂန္ဓဝါစက ပဏ္ဍိတ၊ ၂၀ ရက်တွင် အရှင်ခေမာသီရိလင်္ကာရ(သီတဂူ ကြာတစ်ပွင့်) ပိဋက တစ်ပုံခွဲအောင် မဟာဓမ္မကထိကဗဟုဇန ဟိတဓရ၊ ၂၁ရက်တွင် အရှင်သုန္ဒရ (တိပိဋကဓရ တိပိဋကကောဝိဒ)စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက် နှင့် ၂၂ရက်တွင် ဘဒ္ဒန္တ စန္ဒာသူရိယ(အောင်စကြာ) နိုင်ငံကျော် ဓမ္မကထိက ဗဟုဇနဟိတဓရ သရက်တောကျောင်း ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ဇလွန်ပြည်တော်ပြန်ဘုရားကြီးဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက် (၂၈-၂-၂၀၀၄ မှ ၆-၃-၂၀၀၄ ရက်) အထိ ရှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ပွဲတော်ရက်အတွင်း ပျော်ပွဲရှင်ပွဲများအဖြစ် မောင်ချမ်းသာ၏ ရွှေမန်းသဘင်၊ ဆပ်ကပ်၊ လက်ဝှေ့၊ မျက်လှည့်၊ ရုပ်ရှင်၊ ဗီဒီယို၊ ကာရာအိုကေ၊ ဆိုင်း၊ ချားရဟတ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဈေးရောင်းချလိုသူများနှင့် ပျော်ပွဲရှင်ပွဲထည့်သွင်းလိုသူများ ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ပွဲတော် ကျင်းပရေးအဖွဲ့ရုံး ဖုန်း-၀၄၄-၇၀၂၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာညဉ့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပဒေသာလမ်း၊ အမှတ်(၁၇)နေ
ဦးမောင်မောင်မြင့်[လ/ထ ညွှန်မှူး(ငြိမ်း)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန]-ဒေါ်အေးဟန်တို့၏သားငယ်

မောင်ကျော်မင်းဟန် B.Sc (Maths)
Diploma in Technology (E.P) (Y.T.U)
Lwin & Swan Trading Co., Ltd.

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ်၇၄(E)နေ
ဒေါက်တာမြင့်ဆွေ(ခ)စိုင်းနွဲ့-ဒေါ်ညွန့်ညွန့်ဝင်း
တို့၏သမီးကြီး

နန်းခမ်းနွဲ့ B.Sc (Hons), M.Sc(Part-II) Zoology

တို့ကို ၅-၂-၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးခဲ့သော တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုးအား လည်းကောင်း၊ ၆-၂-၂၀၀၄ ရက်တွင် ရွှေဟင်္သာစံကျောင်း မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ၁၂-၂-၂၀၀၄ရက် Dusit Inya Lake Hotel ၌ကျင်းပခဲ့သော မင်္ဂလာညဉ့်ခံပွဲသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ် ပန်းကုံးချီးမြှင့်ပေးသော အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့်ဇနီး ဒေါ်မိမိဝေ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဒုတိယတိုင်းတရားသူကြီး(ငြိမ်း)ဦးသန့်ဇင်နှင့်ဇနီး ဒေါ်တင်တင်လှအားလည်းကောင်း၊ Trade King Group Ltd. မှ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်အဖွဲ့ဝင် ဒါရိုက်တာများ၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးသော Elegant Gems & Jewellery မှ ဦးစိုးလှိုင်(ခ)ဦးကွေ့နှင့်ဇနီး ဒေါ်သန်းသန်းမေ၊ မေတ္တာဖြင့် သတို့သမီးအား ပန်းအလှဆင်ပေးသော Mary Khine Orchid မှ ဦးဝင်းအောင်၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့်နှင့် Nightingale တေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)၊ ပန်းအလှဆင်ပေးသော နီနီ(ပွိုင့်)၊ မိတ်ကပ်အောင်အောင်၊ မင်္ဂလာပန်းကြဲပေးသော နန်းခေါင်နွဲ့၊ မင်္ဂလာ အောင်စံပယ် ပန်းကုံးနှင့်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော နန်းဟတ်နွဲ့တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြ သော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်း ကူညီကြသော Dusit Inya Lake Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်မင်းဟန်-နန်းခမ်းနွဲ့။

အထက (၂) သထုံ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

သထုံမြို့ အထက(၂)ကျောင်းတွင် နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအားပူဇော်မည့် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၏ မိုးမခဆောင် လှမဋ္ဌုခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် ပူဇော်ပွဲသို့ တက်ရောက်ကြရန်နှင့် ကျောင်းအုပ်ကြီး ဖုန်း- ၀၅၇-၄၀၀၅၅၊ ဒေါ်ခင်သန်းနွဲ့ ဖုန်း- ၀၁-၂၂၀၅၀၈၊ကိုကျော်မင်းထွေး ဖုန်း-၀၁-၂၈၄၉၁၈ နှင့် ဦးကိုကြီး ဖုန်း-၀၅၇-၄၀၁၀၇ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကြည့်မြင်တိုင် အေဘီအမ် (A.B.M) ကျောင်း (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က ဆရာမကြီး ဒေါ်လှရှိန် နေအိမ်ဝင်း အတွင်း၌ ကျင်းပရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲဆက်လက်ကျင်းပ

MYANMAR
OPEN

ရန်ကုန် ဖေဖော်ဝါရီ ၁၄

M.P.G.A နှင့် Asian Tour တို့ ပူးပေါင်း၍ Rothmans of Pall Mall Myanmar Pte.,Ltd. က အဓိကပံ့ပိုးသည့် ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဒညင်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ M. G. F အထွေထွေအတွင်းရေးမှူးဦးအောင်ကြည်၊ M. P. G. A အထွေထွေ အတွင်းရေးမှူး Professional Golfer ဦးချမ်းဟန်၊ Rothmans of Pall Mall Myanmar Mr. Arend Ng နှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲ၏ တတိယနေ့ ၁၈ ကျင်း ကစားအပြီး၌ ၂၀၀၂ ခုနှစ်က ချန်ပီယံဟောင်း Thong Chai Jaidee (ထိုင်း)က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ပြီး(၆၉+၇၂+၆၆)ပေါင်း ၂၀၇ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

Andrew PITTS (အမေရိကန်ပြည်ထောင်စု)က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ပြီး(၆၉+၇၁+၆၈)ပေါင်း ၂၀၈ ချက် ဒုတိယလိုက်ပြီး၊ Alistair Presnell (ဩစတြေးလျ)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ ရိုက်ပြီး (၆၈+၇၁+၇၀)ပေါင်း ၂၀၉ ချက်ဖြင့် တတိယလိုက်ကာ၊ Mo Joong Kyung(ကိုရီးယားသမ္မတနိုင်ငံ) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး (၆၇+၇၄+ ၇၀) ပေါင်း ၂၁၁ ချက်နှင့် မြန်မာနိုင်ငံမှ အောင်ဝင်း (Y.C.D.C)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး (၇၁+၆၉+၇၁) ပေါင်း ၂၁၁ ချက်စီဖြင့် စတုတ္ထလိုက်နေသည်။

The Myanmar Open is Celebrating Its 9th Year In 2004. Sponsors Include Rothmans of Pall Mall Myanmar Pte.,Ltd. Co-Sponsor Myanmar Airways International(MAI); Sedona Hotel Yangon, The Official Hotel The Myanmar Open; Wilson, The Official Ball of The Myanmar Open; and Grand Slam(Musing Wear), Inetol (Headwear Co.), Canon (Accel International Co.,Ltd.), Maruman(Kaung Myat Co., Ltd), Dagon Beer, Mims Logistics, Max Myanmar Co., Ltd, UPG and Alpine Purified Drinking water (Loi Hein Co.,Ltd.) As Offical Suppliers. ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Han Event Management နှင့် Octagon တို့က ပူးပေါင်းတာဝန်ယူ ဆောင်ရွက်ပေးသည်။

စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၇ နာရီတွင် ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးစုံညီပွဲတော်ပါဝင်သူများဂုဏ်ပြုညဉ့်ခံပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ပါဝင်ခဲ့ကြသော သမီးငယ်၊သားငယ်များ၊ ကာယဉာဏအားပါဝင်ကူညီခဲ့ကြသည့်ပုဂ္ဂိုလ်များကို ကျောင်းအုပ်ကြီး ဒေါ်ကေသီစိုးသိမ်းက ဂုဏ်ပြုညဉ့်ခံပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က အမက(၂)ကမာရွတ်ကျောင်းရင်ပြင်၌ ကျင်းပသည်။

ယင်းပွဲသို့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဒေါ်ကေသီစိုးသိမ်းနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာကြီးဦးမြငွေတို့က အမှာစကားပြောကြားကာ စားသောက်ဖွယ်ရာများ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ပျော်ရွှင်စွာတည်ခင်းဂုဏ်ပြု ဆင်နွှဲကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီ ၂၂ ရက် စတင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အမျိုးသား အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၃၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၅၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက် (၆၀)အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲ ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အကောက်ခွန် ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် လမ်း (၅၀) အကောက်ခွန် သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရွှေပြည်သာမြို့နယ် ရွှေပြည်သာ စက်မှုမြို့ နေ့ကလေးထိန်းကျောင်းတွင် ကလေးများနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ ကျောင်းအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ (စီမံကိန်းမန်နေဂျာ) အမှာစကားပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ရာမညနိကာယ ပရိယတ္တိစာဖြေပွဲကျင်းပမည်

မော်လမြိုင် ဖေဖော်ဝါရီ ၇

မွန်ပြည်နယ်လုံးဆိုင်ရာ ရာမညနိကာယ ပရိယတ္တိစာဖြေပွဲကျင်းပရေးကော်မတီက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၂)ကြိမ်မြောက် ရာမညနိကာယရေးဖြေပွဲကို မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ရှိ သာသနာ ၂၅၀၀ ဘုရားပရိဝုဏ်အတွင်း ရာမညဓမ္မဗိမာန်ခန်းမတွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ (တပို့တွဲလပြည့်ကျော် ၁၄ ရက်မှ တပေါင်းလဆန်း ၄ ရက်)နေ့အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(၂၂)ကြိမ်မြောက် စာဖြေပွဲသို့ မွန်ပြည်နယ် ၁၀မြို့နယ်မှ စာဖြေသံဃာ ၁၀၀၀ကျော် ဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး စာဖြေသံဃာတော်များအတွက် လှူဒါန်းလိုသူများသည် နာယကဆရာတော် ဖုန်း-၀၅၇ ၂၄၀၇၉၊ စာဖြေပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းအုံး ဖုန်း-၀၅၇ ၂၄၀၇၉၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းချစ်ငွေ ဖုန်း-၀၅၇ ၂၄၁၄၁၊ အတွင်းရေးမှူး ဦးအောင်ခနှင့် တွဲဖက်အတွင်းရေးမှူး ဦးမောင်ရောင် ဖုန်း-၀၅၇ ၂၅၇၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

မကွေးမြို့နယ် ထုံးပေါက်တောကျေးရွာ အလှူရှင်စက်ရေတွင်းသစ် ဖွင့်လှစ်

မကွေး ဖေဖော်ဝါရီ ၁၀

(၅၇) နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ထုံးပေါက်တောကျေးရွာ အလှူရှင်စက်ရေတွင်းသစ်အား မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်ကြီးမှူး၍ ဖေဖော်ဝါရီ၆ရက်နံနက်က မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဌေးနှင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်စက်ရေတွင်းကိုးတွင်း ဆောင်ရွက်ရန် လျာထားသည့်အနက် ယခုဖွင့်လှစ်သည့် ကျေးလက်စက်ရေတွင်း အပါအဝင် ကျေးလက်ရေတွင်းခြောက်တွင်း ကုန်ကျငွေကျပ် ၈၅၃၈၇၅၀ဖြင့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိကျေးလက်စက်ရေတွင်း သုံးတွင်း အမြန်ပြီးစီးရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက်က ရောဝတီတိုင်းကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို မြို့နယ် ဥက္ကဋ္ဌ ဦးကြည်စန်း ဖတ်ကြားစဉ်။(၂၆၅)

၁၉၉၉ ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ (၆)နှစ်ဆက်တိုက် ကျောင်းကျန်းမာရေး ထူးချွန်စံပြ ပထမဆုရရှိသော ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းအား ဇန်နဝါရီ ၃၀ရက်က အထက(၁) သီရိပညာခန်းမတွင် ဆုချီးမြှင့်စဉ်။ (၁၇၃)

ကျေးလက်ကျန်းမာရေးဌာနငယ်ခွဲဖွင့်

ရှာင် ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ် မြစေတီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနငယ်(ခွဲ) ဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းနှင့် မြို့နယ်ဆရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကံမမြို့နယ်တွင် စက်ရေတွင်းဖွင့်

ကံမ ဖေဖော်ဝါရီ ၈

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စက်ရေတွင်းဖွင့်ပွဲကို ကံမမြို့နယ် သစ်မယ်ဇိကျေးရွာအုပ်စု ဒန်းကိုင်းကျေးရွာနှင့် ဘန်းဆွေးကျင်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာတို့တွင် ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ စက်ရေတွင်းများကို ဒေါ်သိင်္ဂီထွန်းမိသားစုက လှူဒါန်းငွေကျပ် ၅၀၀၀၀နှင့် ဦးဌေးဝင်း-ဒေါ်ခင်နန်းဝေ မိသားစု ရန်ကုန်မြို့က လှူဒါန်းငွေ ကျပ် ၅၀၀၀၀၀ တို့ဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့သည်။ ၎င်းစက်ရေတွင်းများသည် အနက်ပေ ၃၇၅နှင့် ပေ ၁၈၀ဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ခန့်ထွက်ရှိပြီး လူဦးရေ ၅၅၀ ခန့်အား သန့်ရှင်းသောရေ လုံလောက်စွာရရှိကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စိုက်ပျိုးစရိတ်ချေးငွေ ပေါက်ခေါင်းတွင် ပြေကျေ

ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့ မြန်မာ့/လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲသည် ၂၀၀၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၂ အုပ်စုမှ တောင်သူဦးရေ ၄၉၅၂ ဦးသို့ ချေးငွေကျပ် ၅၄၈၃၇၀၀၀ ထုတ်ချေးခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှု၊ တောင်သူများ၏ တာဝန်သိတတ်မှု၊ ဘဏ်ခွဲမန်နေဂျာ ဦးကျော်စွာလှိုင်၊ ကြီးကြပ်ရေးမှူး ဒေါ်မိမိခိုင်ဝင်း၊ ဒုကြီးကြပ်ရေးမှူး ဦးရဲထွန်းနှင့် ဘဏ်ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ဖေဖော်ဝါရီ ၄ ရက်တွင် မြို့နယ်လုံးကျွတ် ပြန်လည်ကောက်ခံရရှိပြီး ပဲခူးတိုင်း(အနောက်ပိုင်း)တွင် ပထမဆုံးပြေကျေကြောင်း သိရသည်။ **(က-ပ)**

ကျောင်းသားစုံညီပွဲတော်နှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပ

သီပေါ ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၂-၂၀၀၃ခုနှစ် မိဘဆရာ ကျောင်းသားစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၈ရက်က အမှတ်(၁) မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက 'စုံညီပွဲတော်သို့ နွဲပျော်' တေးသီချင်း သီဆိုဖွင့်လှစ်ပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိန်းဌေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ အတန်းအလိုက် ဆုရရှိသူများကို ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်းကောင်း၊ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခင်ညွန့်လှုက မြို့နယ်အဆင့်စတုတ္ထတန်း၌ ဘာသာစုံထူးချွန်ဆုရရှိသည့် နန်းဝတ်ရည်အေးခိုင်အား ဆုများ ချီးမြှင့်ပေးအပ်သည်။ **(၃၀၆)**

ဇန်နဝါရီ ၁၇ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းကြည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့က ပေါင်မြို့နယ် ထန်းပင်ချောင်ကြီး သပြေကုန်းကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။ (၂၆၀)

ဖေဖော်ဝါရီ ၅ ရက်က ကျိုက်လတ်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်မှုကို မြို့မဈေးကြီးရှေ့တွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှူး ဦးမိုးသင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ချိုနှင့် ကော်မတီဝင်များ ကြည့်ရှုအားပေး၍ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဈေးအရန် မီးသတ်တပ်ဖွဲ့တို့၏ မီးငြိမ်းသတ်ရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

နွားထိုးကြီး ဖေဖော်ဝါရီ ၅

စက်ရုံ အလုပ်ရုံနှင့် လုပ်ငန်းဌာနများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်အရ မြန်မာ့ရေနံရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ် ၀၃၆၅ နှင့် နွားထိုးကြီးမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၁ရက်က စက်သုံးဆီအရောင်းဆိုင်ရှေ့တွင်ကျင်းပသည်။

ရှေးဦးစွာမြို့နယ် မီးသတ်ဦးစီးမှူး ဦးတင့်ဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက လုပ်ငန်းခွင်အတွင်း မီးဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးစီမံချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆိုင်ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်မှုများ လက်တွေ့သရုပ်ပြလေ့ကျင့်ကြကြောင်းသိရသည်။ **(၂၁၃)**

ဆိမ်းမြဲ ...

B.A(Myanmar)
(Four Seas Electrical & Engineering Co.,Ltd. S'pore)

B. Pharm
(National Health Laboratory)

B.Sc (Maths)

B.A (Geography)

Central Hotel

Diploma in IT

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒေပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀

ဗိုလ်တထောင်မြို့နယ်တရားရုံး

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂

မောင်အဂ္ဂ(ခ)မိုင်ဟင်းဒါးရှာ(ရှ်)မား **နှင့်** ဦးဘာဂါတ်ရမ်း

တရားလို **တရားပြိုင်**

(ယခုနေရပ်လိပ်စာမသိ) တရားပြိုင်သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်(၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းတန်(တ/၂၁၀၇)
တွဲဖက်မြို့နယ်တရားသူကြီး
ဗိုလ်တထောင်မြို့နယ်တရား။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

လားရှိုးမြို့ ရပ်ကွက် ၅ နေ ဒေါ်ရွှေ၏မြေး
ဦးဘိုနီ-ဒေါ်ဖြူဖြူ (ဝင်းနိုင်စာပေ) တို့၏သား
မူဆယ်မြို့နေ ကိုမောင်မောင်လင်း-မမူမူထိုက် (ရွှေအဏ္ဏဝါရောင်းဝယ်ရေး)
ကိုဇော်လင်းကျော် (မူးယစ်အထူးအဖွဲ့)-မယုယုထိုက်တို့၏အစ်ကို
မောင်လှိုင်တိုး B.Sc(Geol) နှင့်
လားရှိုးမြို့ ရပ်ကွက် ၈နေ ဦးချစ်အောင်- (ဒေါ်ငွေ)တို့၏သမီး
ဒေါ်ရွှေရင်(ယဉ်ယဉ်ထမင်းဆိုင်)၊ ဒေါ်အေးမြ၊ ဒေါ်ပြုံးပြုံးအောင်တို့၏ညီမငယ်
မနန်းမြမြစိမ်း (ခ) မခိုင်

တို့၏ ၁၂-၂-၂၀၀၄ရက်(ကြာသပတေး)နေ့တွင် လားရှိုးမြို့ လားရှိုးမိုတယ်ခန်းမ၌ ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လှိုင်တိုး-မနန်းမြမြစိမ်း။

ပြင်ဆင်ဖတ်ရှုပါရန်

၇-၂-၂၀၀၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဦးစိန်မြင့် တရားရုံးချုပ်ရှေ့နေအစား အထက်တန်းရှေ့နေဟုလည်းကောင်း၊ ဦးမြင့်သောင်း အထက်တန်းရှေ့နေအစား တရားရုံးချုပ်ရှေ့နေဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

252598

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ပုဇွန်တောင်မြို့နယ်မြို့နယ်ရုံးခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုး ဖတ်ကြားစဉ်။ (၃၅၂)

မရမ်းကုန်းမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းမိတဆရာအသင်းအစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၂၄ရက်က ကျောင်းခန်းမတွင်ကျင်းပရာငါးနှစ်ဆက်တိုက်ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသားမောင်သူရထွဋ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစောက ဆုချီးမြှင့်စဉ်။ (က-ပ)

ဂေါက်သီးရိုက်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ချင်းအမျိုးသားဂေါက်သီးရိုက်အသင်း (ရန်ကုန်)က ကြီးမှူးကျင်းပမည့် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ၂၀ရက် နံနက်၁၀နာရီတွင် တောင်ဥက္ကလာပဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ချင်းအမျိုးသားများနှင့် မိတ်ဆွေများအားလုံး ပါဝင်ကစားကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၈ ရက်က ကျင်းပသည့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တာမွေမြို့နယ်အဆင့် စတုတ္ထတန်း ဘက်စုံပြိုင်ပွဲတွင် စာပေဘာသာစုံ(ပထမ)နှင့်ဘက်စုံ(ပထမ) ရရှိသော အမက (၇)တာမွေမှ မဆုထိုက်အောင်အား မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်က ဆုချီးမြှင့်စဉ်။ (က-ပ)

ဖတ်ကြား

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကိုသဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးနေဝင်း ဖတ်ကြားစဉ်။ (၀၅၂)

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို တန်ခူးလဆန်း၁၀ရက်၊ မတ်လ ၃၀ရက် (အင်္ဂါနေ့)မှ တန်ခူးလပြည့်ကျော် ၄ရက်၊ (ဧပြီ ၈ရက်) (ကြာသပတေးနေ့)အထိ ၁၀ရက်တိုင်တိုင် ကျင်းပမည် ဖြစ်သည်။

ပျော်ပွဲရှင်ပွဲအတွက် နေရာများကို ဖေဖော်ဝါရီ၂၈ရက်တွင်လည်းကောင်း၊ ဈေးဆိုင်နေရာများကို မတ် ၁၄ရက်တွင် လည်းကောင်း နံနက်၁၀နာရီတွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ ဖုန်း-၀၅၂-၂၁၀၆၈ နှင့် ၀၅၂-၂၄၂၅၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဇန်နဝါရီ ၃၀ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ၂၀၀၃-၂၀၀၄ခုနှစ်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို အဆိုပါရုံးခန်းမ၌ကျင်းပရာ စေတနာရှင်များက လှူဒါန်းသော စာအုပ်များကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်က လက်ခံရယူစဉ်။ (က-ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြင်းခြံမြို့နေ
ဦးဘိုရှိန်-(ဒေါ်ဖြား) (ဆေးကုန်သည်)၊ ဒေါ်ကြည်ကြည်(အထည်ကုန်သည်)
တို့၏မြေး
မြင်းခြံမြို့နေ
ဦးငွေဝင်း-ဒေါ်နွယ်နီဦး (မြေလတ်ဂုဏ် အဆင့်မြင့်ရုပ်ရှင်ရုံနှင့် လုပ်ငန်းစုပိုင်ရှင်)
တို့၏ တစ်ဦးတည်းသောသား
မောင်နိုင်နွယ်ဝင်း D.B.M.S (U.K)
R.S.A (U.K) General Manager
Listhaven Catering Co., Ltd. (U.K)
နှင့်
ပြည်မြို့၊ မြန်မာ့သစ်လုပ်ငန်း၊ နဝရတ်ရိပ်သာ ဝန်ထမ်းအိမ်ရာဝင်း၊ မြရိပ်သာနေ
ဦးခင်မောင်ဝင်း (မန်နေဂျာ)
မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်း (အနောက်)၊ ပြည်မြို့
ဒေါ်မိမိခင် ဌာနစိတ်မှူး (ငြိမ်း)၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း(ရုံးချုပ်)
တို့၏ သမီးထွေး
မကလျာဝင်း B.Sc(Hon;) Physics
Pigman Diploma (IT) (U.K)
A.C.C.A (Certificate Stage, (U.K)
Area Manager, Listhaven Catering Co., Ltd., (U.K)

တို့သည် ၃-၂-၂၀၀၄ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ သဘောတူခွင့်ပြုချက်ဖြင့် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နိုင်နွယ်ဝင်း-မကလျာဝင်း။

အမည်ပြောင်း

ဦးကျော်စိုး၏သမီး အထက (၃) ကမာရွတ် ပဥ္စမတန်းမှ မဝါဝါကျော်စိုးအား မဖြူဖြူချော ဟုလည်းကောင်း၊ဦးကျော်စိုး၏သား အထက(၃) ကမာရွတ် ပထမတန်းမှ မောင်ဘိုဘိုထွန်းအား မောင်ပြည့်ဖြိုးတင့်ဟု ပြောင်းလဲခေါ်ပါရန်။

ဝယ်လိုသည်

KV-၂၅၀ဒိုင်နမို တစ်လုံး ဝယ်လိုသည်။ ရောင်းရန်ရှိက ဆက်သွယ်ပါရန်။
ကိုကျော်ညွန့် ဖုန်း-၂၄၁၈၄၉

ရဟန်းဒါယကာ
ဦးတင်စိုး
လက်ထောက်ဦးစီးမှူး(မြို့ပြ)၊
ဆည်မြောင်းဦးစီးဌာန၊
ဒိုက်ဦးမြို့
အသက်(၆၀)

ဒိုက်ဦးမြို့၊ မြို့ပတ်လမ်းနေ (ဦးသန်းငွေ-ဒေါ်အေးမှင်)တို့၏ သားကြီး၊ ဒိုက်ဦးမြို့ ၆/က ရပ်ကွက်၊ ၁လမ်း၊ ခြံအမှတ် ၅၃နေ ဒေါ်သန်းအေး၏ခင်ပွန်း၊ဦးမောင်စိန်၊ဒေါ်စန်းရီ၊ ဦးစိုးညွန့် (အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန) ညောင်လေးပင်မြို့-ဒေါ်ယဉ်ငွေ၊ ဦးမြင့်ဦး-ဒေါ်ခင်ကြည်၊ S.A.E ဦးတင်သိန်း(လမ်း/တံတား)-A.E ဒေါ်ခင်စန်း(လမ်း/တံတား)၊ ဦးရဲနိုင်-ဒေါ်မော်မော်နိုင်တို့၏ အစ်ကိုကြီး၊ မယဉ်ယဉ်စိုး(ခ)မစန္ဒာB.Sc.(Zoo), Q˚, Yangon Entertainment Grand Wynn Enterprises Co.,Ltd.၊ ကိုခင်မောင်သန်း (ထိုက်ပရိဘောဂ)-မမြတ်သီတာစိုး(ခ)သီတာ (ထိုက်တေးသံသွင်း)၊ မလဲ့နန္ဒာစိုး (ခ) လဲ့ဝါ B.A (မြန်မာစာ)တို့၏ ဖခင်၊ မခင်မြတ်လေးစံ၊ မခင်စကားဝါစံတို့၏ အဘိုး၊ တူ၊တူမ ၁၄ ယောက်တို့၏ ဦးလေးသည် ၉-၂-၂၀၀၄(တနင်္လာ)နေ့ ညနေ ၅:၄၀ နာရီတွင် ဒိုက်ဦးမြို့ မြို့ဝင်လမ်း၊ ကန်တော်မင်္ဂလာ တာစုံ ထိုက်မိသားစုနေအိမ်၌ ကွယ်လွန်သွားပါ၍၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ဒိုက်ဦးမြို့ ရွာတန်းရှည် သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း၊ ရပ်ဝေး ရပ်နီး ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ (ဦးကိုကိုကြီး-ဒေါ်လှရှင်)တို့၏သား
ခင်မောင်ဇော် (B.E)
Microsoft Corporation. Seattle, (U.S.A)
နှင့်
ရန်ကုန်မြို့နေ ဦးစိုးမြင့် (အကြံပေးအရာရှိ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း)-(ဒေါ်ခင်လှမြင့်) တို့၏သမီး
ဒေါက်တာခင်ခင်လတ် (M.B., B.S)

တို့သည် နှစ်ဖက်လူကြီးမိဘများ၏ သဘောတူညီချက်အရ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။ **ခင်မောင်ဇော်-ဒေါက်တာခင်ခင်လတ်။**

ခရုသင်းခြောက်မျိုးအထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များ သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်။
နေရောင်လင်းဆေးတိုက် အမှတ် ၃၇၊ ၂ ဇင်ယော်လမ်း၊ ၁၄/၂ရပ်ကွက်၊ မြင်သာအိမ်ရာ (၂)၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်
၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်

၁။ ၂၀၀၄ ခုနှစ် မတ်လ ၁၃ ရက်မှစ၍ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား လုပ်ငန်းရှင်များအား (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလ အတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန် ကောင်တာများ ရယူလိုသူများသည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့်ကျောက်မျက်ရတနာဈေး ကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ပဲခူးမြို့ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး
(၂၅၆၈) နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်
(၁၃၆၅-၆၆) ၂၀၀၄

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ ပွဲတော်ကြီးကို ယခုလာမည့် ၁၃၆၅-၆၆ ခု၊ တန်ခူးလဆန်း (၁၀) ရက် ၃၀-၃-၂၀၀၄ အင်္ဂါနေ့မှ တန်ခူးလပြည့်ကျော် ၄ ရက် ၈-၄-၂၀၀၄ ကြာသပတေးနေ့အထိ ၁၀ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရှင်ပွဲအတွက် မြေနေရာများကို ၂၈-၂-၂၀၀၄ရက်နေ့တွင်လည်းကောင်း၊ ဈေးဆိုင်နေရာများကို ၁၄-၃-၂၀၀၄ရက်နေ့တွင်လည်းကောင်း၊ နံနက် ၁၀နာရီအချိန် တွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များ သိလိုပါက ဂေါပကရုံးတွင် ရုံးချိန် အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဖုန်း-၀၅၂-၂၁၀၆၈
၀၅၂-၂၄၂၅၅

တစ်ဦးတည်းသောချစ်သမီး သီရိမျိုးညွန့်အတွက်မွေးနေ့ဆုမွန်

တစ်ဦးတည်းသော မေ့ချစ်သမီးလေးရဲ့ ၁၅-၂-၂၀၀၄ ရက်တွင် ကျရောက်သော ဆယ့်သုံးနှစ်မြောက်မွေးနေ့မှ နှစ်ပေါင်းများစွာတိုင်အောင် သီရိလေးကိုချစ်သော မေမေနဲ့ ဟိုမေတို့ရဲ့ နွေးထွေးသောမေတ္တာရင်ခွင်၌ ထာဝရပျော်ရွှင် နိုင်ပါစေ။
ချစ်မေမေ- ဒေါ်လှလှညွန့်
ဟိုမေ - ဒေါ်ရီရီညွန့်
ကြီးကြီး- ဒေါ်ခင်သန်းဌေး

ညီမလေး သီရိမျိုးညွန့်အတွက် မွေးနေ့ဆုမွန်

သီရိလေး၏ ၁၅-၂-၂၀၀၄ ရက်တွင် ကျရောက်သော ဆယ့်သုံးနှစ်မြောက် မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင်အောင် သီရိလေးကိုချစ်သော ကိုကို၊ မမတို့နှင့်အတူ အဘိုးနှင့်အဘွား၏ အေးမြသော မေတ္တာရိပ်အောက်တွင် ထာဝစဉ်ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ။

မမကြီး - **သက်ရီဝင်း** Final Year, Patr II (MC-I)
ကိုကိုကြီး - **ဉာဏ်ထက်ဝင်း** Final Year, Engineering
မမလတ် - **ဇင်မာမြင့်** Final Year (E-major)
မမလေး - **နီလာမြင့်** Final Year (B-Econ, Eco)
မမထွေး - **ဆုထွေးဝင်း** 2nd Year (History)
ကိုလေး - **နိုင်မျိုးထွန်း**



အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ ရရှိထားပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လာပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထား သည့်တိုက်နှင့်အခန်း အမှတ်
၁။	ဦးသန်းငွေ KPW-၀၁၀၇၈၉	ဒေါ်ခိုင်ဆုမြတ် ၁၂/ကမရ(နိုင်) ၀၁၃၆၈၉	တိုက်-၁၅ အခန်း- ၄၅ ပြည်ရိပ်မွန်အိမ်ရာ
၂။	ဦးအောင်ကျော်စိုး KMYT-၀၁၂၂၈၆		

ဌာနမှူး အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမောင် (ခ) စိန်ကျီးညို
အသက် (၇၀)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အိမ်အမှတ် (၈/၁၉) အမှတ်(၅)ရပ်ကွက်၊ သုခလမ်းနေ(ဦးရွှေကျီးညို-ဒဂုန်ခင်လှကြည်) တို့၏သား ဦးလှမောင်(ခ)စိန်ကျီးညိုသည် ၇-၂-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

Lion House

၁၉၇၅-၈၀
B.A (Law) LL.B ဘွဲ့ရ
ကျောင်းသား၊ကျောင်းသူများ ငွေရတုအထိမ်းအမှတ်

အာစရိယပူဇော်ပွဲ

အာစရိယပူဇော်ပွဲအား ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်ပါ၍ အောက်ပါလိပ်စာများအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ ဘဏ်ငွေလွှဲစနစ်ဖြင့်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ **ဦးသိန်းဆိုင်** - သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၅၃၇၇၄၊ ၀၉-၅၀၀-၂၂၉၄
၂။ **ဦးဝင်းမောင်သန်း** - အမှတ် ၇၅၊ ၈၃လမ်းX၈၄လမ်းကြား၊ ၄၁ လမ်း၊ မန္တလေးမြို့၊ဖုန်း-၀၂-၃၃၅၈၁၊ ၀၉-၂၀၀-၃၁၇၆
၃။ **ဒေါ်မြင့်မြင့်အေး** - အမှတ် ၄၀၆၊ ဝေဇယန္တာလမ်း၊ (၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၆၆၈၆၄၊ ၅၇၇၂၀၁၊ ၀၉-၅၀၁-၄၇၄၅
၄။ **ဒေါ်ဆွေဆွေ** - အမှတ် ၂၆၅၊ ၃၇ လမ်း၊ ၈၃လမ်းX၈၄လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၆၃၉၀

မြတ်ဆရာပူဇော်ပွဲ

